# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
## Democratic Party for a New Society(DPNS)
### ပါတီစည်းရုံးရေးစာစဉ်

အတွဲ (၂)၊ အမှတ် (၂)  မတ်၊ ၂၀၁၈



## မာတိကာ

ပါတီဝင်များ၊ ပါတီစည်းရုံးရေးမှူးများ  စာ ၃

မိန့်ခွန်းက လှတယ်၊ လူထုကြီးအတွက် အားစစ်စစ် ဖြစ်ပါစေ  စာ ၄

RFA ဆွေးနွေးခန်း(၃၁၊ ၃၊ ၂၀၁၈ ရက်နေ့ မေးပါရစေဦး အစီအစဉ်)တွင် ပါတီဥက္ကဋ္ဌ၏ ဆွေးနွေးတင်ပြချက်များမှ ကောက်နုတ်ချက်  စာ ၈

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ အမျိုးသမီးများပါဝင်မှု အခန်းကဏ္ဍ  စာ ၁၀

အရပ်ဖက်လူမှုအဖွဲ့အစည်းတွေ အားကောင်းဖို့ဆိုရာမှာ  စာ ၁၃



စီ စဉ် သူ

ဦးအောင်မျိုးဦး

ထုတ် လုပ် သူ များ

ကိုမြတ်လင်းထွေး
မအေးမြတ်သန္တာ

Main ပုံနှိပ်တိုက်(၀၁၁၁၉)
အမှတ်(၁၉၁)၊ ၃၉ လမ်း(အလယ်)
ကျောက်တံတားမြို့နယ်တွင်
စောင်ရေ - ၁၀၀၀ ရိုက်နှိပ်၍
ပါတီတွင်းကန့်သတ်အဖြစ်
အခမဲ့ဖြန့်ဝေသည်


ပြော ချင် တဲ့ အ ကြောင်း

# နိုင်ငံတော်သမ္မတ၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး

မတ်လ (၂၁) ရက်နေ့တွင် မိမိတို့ လူထုအကြား သတင်းတစ်ပုဒ် လှုပ်လှုပ်ရှားရှား ပေါ်ထွက်လာသည်။ နိုင်ငံတော်သမ္မတ ဦးထင်ကျော် နှုတ်ထွက်သောသတင်း ဖြစ်သည်။ ဆက်တိုက်ဆိုသလို လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမြင့် နှုတ်ထွက်ခဲ့လေသည်။ လွှတ်တော်ဥက္ကဋ္ဌသစ် ရွေးချယ်တင်မြှောက်မှုနှင့် ပတ်သက်၍ကား မိမိတို့ မဲဆန္ဒရှင်ပြည်သူအများ အပေါ် အနိုင်ကျင့်လိုက်သကဲ့သို့ ခံစားမိသည်ဟု မိမိတို့ပါတီဥက္ကဋ္ဌက ဆရာကြီးမှိုင်း မွေးနေ့တွင် ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုလိုက်သည်။ နိုင်ငံတော်ဂုဏ်သိက္ခာနှင့် ပုံရိပ်အတွက် မသက်မသာဖြစ်စေသော ရွေးချယ်တင်မြှောက်မှုဖြစ်နေသည်။

အခြားတစ်ဘက်တွင် ၂၀၁၇ နှောင်းပိုင်းမှ စတင်လျက်၊ ယခု ၂၀၁၈ ၏ ပထမ (၃) လပတ်အတွင်း မိမိတို့ နိုင်ငံရေးပါတီများနှင့် ပတ်သက်၍ လူဦးရေစာရင်းများ၊ ခေါင်းဆောင်စာရင်းများ ပြန်လည်တောင်းခံ စိစစ်မှု၊ ကြေညာချက်များ မိတ္တူပေးပို့ရန် ညွှန်ကြားခြင်း စသည်ဖြင့် ရှိလာခဲ့သည်။ နောက်ဆုံး နေ့စဉ်ရုံးတွင်း ဆောင်ရွက်မှုများပါ ကြိုတင်အကြောင်းကြားစေခြင်း ပြီးစီးမှုအစီရင်ခံရန် ညွှန်ကြားလာခဲ့သည်။ ယင်း ညွှန်ကြားချက်ကိုကား မိမိတို့ပါတီက တရားဝင်စာပို့ငြင်းဆန်ခဲ့သည်။ ငြိမ်းစုစီဥပဒေသည်ပင် ဒီမိုကရေစီစံချိန်စံညွှန်းမှ လွဲချော်နေပြီးဖြစ်လျက် ထိုဥပဒေကို ပိုမိုတင်းကျပ်သောပြင်ဆင်မှုများဖြင့် လွှတ်တော်က အတည်ပြုခဲ့သည်။ တပြည်လုံးရှိ တက်ကြွလှုပ်ရှားသူများ ကန့်ကွက်နေသည်ကို အလေးမမူခဲ့။ လွှတ်တော်တွင်းရှိ ကာ/ချုပ်၏ ကိုယ်စားလှယ်များကပင် ဤသို့ ပြင်ဆင်ခြင်းက ဒီမိုကရေစီစံချိန်စံညွှန်းနှင့် မကိုက်ညီဟု ထုတ်ဖော်စွပ်စွဲခဲ့ကြသည်။ တောင်သူလယ်လုပ်ခားမခုတ်တို့ကို အညွှန့်တုံးစေလျက် မြေရှင်ကြီးစနစ်ဆီ တည့်တည့်ကြီးဦးတည်နေသော မြေသိမ်းဥပဒေဆိုသည်လည်း ဥပဒေကြမ်း ထွက်လာခဲ့ပြီး မျှားမကြာမီ အတည်ပြုဖွယ်ဖြစ်နေသည်။

လွန်ခဲ့သောနှစ်(၇၀) ယခုလို မတ်လ၌ အလားတူကဲ့သို့ ဒီမိုကရေစီအခွင့်အရေးများ ပိတ်ပင်ကန့်သတ်ရာမှ အလုံးစုံ ဆိတ်သုဉ်းသွားခဲ့သဖြင့် ပြည်တွင်းစစ်မီးကြီးကို ယနေ့တိုင် မငြိမ်းသတ်နိုင်ကြသေးခင် မီးအသစ် ပျိုးဘိသကဲ့သို့ ရှိတော့၏။

ငြိမ်းချမ်းရေး ဖြစ်စဉ်ကိုကြည့်လျှင်လည်း NCA ကိုသာ တစ်ခုတည်းသော ကိုးကွယ်ရာအဖြစ် တစ်ဘက်ပိတ် ချဉ်းကပ်ခင်းကျင်းနေသည်။ အင်အားစုအားလုံး တပြေးညီပါဝင်ခွင့် အကန့်အသတ် ဖြစ်နေသည်။ ပြည်သူအများ၏ သဘောထားများ ဖော်ထုတ်တင်ပြခွင့်၊ နိုင်ငံရေးအင်အားစုအသီးသီး၏ သဘောထား အကြံပြုချက်များအပေါ် အရေးထားမှုတို့ကို ကြည့်ပါကလည်း သိသိသာသာ ဘေးဖယ်ထုတ်ထားခံရသည်မှာ ထင်သာမြင်သာလွန်း၏။ သို့ဆိုက ပြည်သူအများ၊ အင်အားစုအသီးသီး ပါဝင်ခံစားခွင့်ရှိနိုင်သည့် ငြိမ်းချမ်းရေးမျိုးကား အဘယ်မှာနည်း။ စောကြောရန် လိုပေလိမ့်မည်။ ခြုံငုံရသည်ရှိသော် မိမိတို့ လက်ရှိအခြေအနေမှာ အမယ်ဘုတ်ကဲ့သို့ချည်ခင် ဖြစ်နေပြီဟု ကောက်ယူရပေတော့မည်။

ယခု အကျပ်အတည်း အခက်အခဲများသည် မိမိတို့အစိုးရလက်ထက်၌ ဖြစ်ပေါ်သည်။ အစိုးရကို ပြန်လည်သုံးသပ်ပြင်ဆင်နိုင်ရေးအတွက် မိမိတို့ဖြစ်နိုင်သည့်သဏ္ဍာန်များ ပူးပေါင်းရှာဖွေကြလျက် ပြည်သူအကျိုးစီးပွား၊ တိုင်းပြည် တည်ငြိမ်တိုးတက်ရေးကို တည့်တည့်မျက်နှာမူကာ အကျပ်အတည်းအခြေအနေကို ဖေါက်ထွက် ရှေ့ဆက်ကြရပေလိမ့်မည်။ ထိုသို့ဆောင်ရွက်နိုင်ရန် မိမိတို့ ဒီမိုကရက်တစ်အဝန်းအဝိုင်းမှ အင်အားစုများ အချင်းချင်းအကြား တူညီသည့် ရည်မှန်းချက်နှင့် အလုပ်များဖြစ်နိုင်သမျှ ရှာဖွေပေါင်းစပ်လျက် ခိုင်ခိုင်မြဲမြဲ လက်တွဲပူးပေါင်း ဆောင်ရွက်ကြရပေမည်။ သွေးစည်းညီညွတ်ခြင်း အင်အားဖြင့်သာ ခလုတ်ကန်သင်းတိုင်းကို ကျော်လွှား အောင်မြင်မည် ဖြစ်ပေသည်။ **အယ်ဒီတာအဖွဲ့**

## လယ်ယာမြေ ပိုင်ဆိုင်မှုအပေါ် သဘောထား

လယ်ယာမြေပြဿနာသည် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးသော ပြဿနာတစ်ရပ်ဖြစ်သည်။ လယ်လုပ်သူ လယ်ပိုင်ရေးအတွက် ဆောက်ရွက်ရမည်ဖြစ်သည်။ သင့်တင့်သော လယ်ယာမြေပိုင်ဆိုင်မှုကို ခွင့်ပြုမည်ဖြစ်သော်လည်း မြေရှင်ကြီးစနစ် မထွန်းကားစေရန် ဥပဒေများ ပြဋ္ဌာန်းကာကွယ်ရန် လိုအပ်သည်။ လယ်ယာမြေပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရမည်ဟု မိမိတို့ပါတီက သဘောထားသည်။

# ပါတီဝင်များ၊ ပါတီစည်းရုံးရေးမှူးများ

■ စောဝင်း ■

မကြာခင် လတို့၌ ပါတီ အထူးစုံညီအစည်းအဝေး ကျင်းပတော့မည်ဖြစ်၏။ စုံညီအစည်းအဝေးတွင် လက်ရှိ ရှိနေကြသော ပါတီစည်းရုံးရေးကော်မတီများနှင့် ပါတီရဲဘော်များ ရှိရာ ဒေသများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပေမည်။ ဖွဲ့စည်းပုံဆိုင်ရာ၊ မူဝါဒဆိုင်ရာ၊ လုပ်ငန်းစဉ်ဆိုင်ရာ စသည်ဖြင့် ဆွေးနွေး ညှိနှိုင်းကြ၊ ပြင်ဆင်တိုးချဲ့ကြလိမ့်မည်။ ပါတီညီလာခံ တရပ် မဖြစ်မြောက်မီ ကြားကာလ ပါတီ၏အလုပ်လမ်းညွှန်များကို ချမှတ်ကြပေမည်။

ပါတီရဲဘော်များ၊ ပါတီစည်းရုံးရေးမှူးများ၊ ပါတီခေါင်းဆောင်များ အသီးသီးက မိမိတို့ပါတီအား လက်ရှိနိုင်ငံရေး အခင်းအကျင်းကို ဖြတ်သန်းရာ၌ ပိုမိုကြံ့ခိုင်ပြီး အားကောင်းမောင်းသန် အားထုတ် အလုပ်လုပ်လာနိုင်ရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းပြင်ဆင်လျက် အခြေခံကောင်းကို ဝိုင်းဝန်း တည်ဆောက်ကြမည် ဖြစ်သည်။

ဤမျှအရေးကြီးသော ပါတီ၏ ဖြတ်သန်းမှုအတွက် ယခု ကြိုတင်ပြင်ဆင်ကြသည့်ကာလ၌ ပါတီဝင်များ၊ ပါတီစည်းရုံးရေးမှူးများ၊ ပါတီခေါင်းဆောင်များ အားလုံးပင် အလေးအနက် သတိမူစရာများ ရှိသည်ထင်၏။ ယင်းတို့အနက် ပါတီဝင်များ၊ ပါတီစည်းရုံးရေးမှူးများအား အောက်ပါများကို မိမိအနေဖြင့် နှိုးဆော် သတိပေးလိုကြောင်း ရေးသားအပ်ပါသည်။

### ပါတီဆိုင်ရာ

ပါတီဝင်တိုင်းကပင် ပါတီ၏ ဖြတ်သန်းမှုသမိုင်း၊ မူဝါဒနှင့် ဖွဲ့စည်းပုံများကို သိရှိထားရန် လိုပါလိမ့်မည်။ သို့မှသာ မိမိတို့ပါတီ၏ ကိုယ်စားလှယ်စစ်စစ်၊ ခေါင်းဆောင်စစ်စစ်ကို ရွေးချယ် တာဝန်လွှဲအပ်နိုင်လိမ့်မည်ဟု ယူဆပါသည်။

ပါတီစည်းရုံးရေးမှူးတစ်ဦးဖြစ်လျှင်မူ ပါတီ၏ အခြေခံ နိုင်ငံရေးရပ်တည်ချက်၊ စံတန်ဖိုးများ နိုင်ငံရေးဦးတည်ချက်များ၊ လုပ်ငန်းစဉ်များ၏ အနှစ်သာရပိုင်းကို နားလည်ထားရန်၊ ပါတီ၏ အထွေထွေနိုင်ငံရေးသဘောထားနှင့် လာမည့် တစ်နှစ်တာကာလအတွင်း ပါတီက ဆောင်ရွက်ရန် လျာထားသော လုပ်ငန်းစဉ်တို့ကိုပါ သိနားလည်ထားသင့်ပါသည်။ ပါတီရဲဘော်များ၊ ကိုယ်စားလှယ်များအပြင် ပါတီမိတ်ဆွေ၊ လိုလားသူများကိုပါ အကြံပြုဆွေးနွေးပေးရန် တာဝန်ရှိနေ၍ ဖြစ်ပါသည်။

### အခြေခံအရည်အသွေး

ကွန်ပြူတာနည်းပညာအခြေခံနှင့် မိုဘိုင်းဖုန်းအသုံးချမှု အခြေခံတို့မှာ ပါတီဝင်တိုင်း လေ့လာထားသင့်သည့် ဘာသာရပ်များဖြစ်ကြောင်း သတိပေးလိုပါသည်။ ပါတီနှင့် မိမိအကြား ဆက်သွယ် ဆက်စပ်ရေးအတွက် ယနေ့ကာလ မရှိမဖြစ်လိုအပ်ချက် ဖြစ်နေသည်။ ပါတီက သပ်သပ် – မိမိကသပ်သပ် ဆိုသောပြဿနာမျိုး လွယ်လင့်တကူ ကျော်လွှားနိုင်ကြမည် ဖြစ်သည်။ စည်းရုံးရေးမှူးများအနေဖြင့် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု၊ ရုံးလုပ်ငန်းအခြေခံတို့ပါ သိနားလည်ထားလျှင် ပါတီ၏ အဆင့်ဆင့်သော စီမံခန့်ခွဲမှုနှင့် ရွေးချယ်တင်မြှောက်မှုများအတွက် ကောင်းစွာ အထောက်အကူ ဖြစ်ပါလိမ့်မည်။ ဖြစ်နိုင်က စည်းရုံးရေးမှူးများ အင်္ဂလိပ်ဘာသာလေ့လာမှုပါ ဖြည့်ဆည်းနိုင်လျှင် ပို၍အသုံးဝင်မည်ဟု ယူဆပါသည်။

### လက်ရှိအခြေအနေ သိနားလည်မှု

ပါတီရဲဘော်တိုင်း လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေ၊ မိမိတို့ပါတီအပါအဝင် နိုင်ငံရေးပါတီများ၏အခြေအနေ၊ နိုင်ငံတကာအခင်းအကျင်းနှင့် ဆက်ဆံရေးများ လေ့လာသိရှိထားကြလျှင် မိမိတို့ပါတီကို မှန်မှန်ကန်ကန် ထိန်းကျောင်း၊ ဦးဆောင်ပေးနိုင်မည့် ကိုယ်စားလှယ်များ၊ ခေါင်းဆောင်များ ရွေးချယ်ပေးနိုင်ကြပါလိမ့်မည်။ စည်းရုံးရေးမှူးများအဖို့ ဆိုပါလျှင် အစိုးရအခြေအနေ၊ လွှတ်တော်အခြေအနေ၊ အရပ်ဖက်အဖွဲ့အစည်းများအခြေအနေ၊ အမျိုးသမီးနှင့် လူငယ်အဖွဲ့များအခြေအနေ၊ တိုင်းရင်းသားအင်အားစုနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ အခြေအနေ၊ တိုင်းပြည် စီးပွားရေးအခြေအနေ စသည်တို့ကိုပါ အခြေခံအားဖြင့် သိနားလည်ထားလျှင် စုံညီအစည်းအဝေးအကြိုနှင့် အလွန်ကာလများ၌ မိမိတို့တာဝန်ကို ကောင်းစွာ ကျေပွန်နိုင်ကြမည် ယူဆပါသည်။

### စည်းရုံးရေး၊ နိုင်ငံရေးပညာနှင့် သမိုင်းဘာသာရပ်များ

ပါတီစည်းရုံးရေးမှူးများအတွက် ဆိုပါမူ စုံညီအကြို –စုံညီ–စုံညီအလွန် ကာလသုံးပါးလုံး၌ ထမ်းဆောင်အပ်သော အလုပ်ဝတ္တရားတို့ကို ကျေပွန်နိုင်ကြမည်ဟု ယူဆပါသည်။

ထို့ကြောင့် ပါတီစည်းရုံးရေးမှူးများအား အောက်ပါ လေ့လာမှုတို့အား ရတတ်သရွေ့ နည်းလမ်းတို့အသုံးချလျက် ဆောင်ရွက်ကြပါရန် နှိုးဆော်လိုပါသည်။

စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ခံမှု အလေ့အကျင့်များ မည်သို့ လေ့ကျင့်ပျိုးထောင်မည်ဆိုသည့် နည်းနာများ၊ လုပ်ငန်းလက်တွေ့ဆောင်ရွက်ရာ၌ ဒီမိုကရေစီ လုပ်ဟန်များ၊ ညီညွတ်ရေး ရေရှည်ထိန်းသိမ်းသည့် လုပ်ဟန်များ၊ အပြန်အလှန် ဆွေးနွေးဆုံးဖြတ်ခြင်း၊ အစီရင်ခံခြင်း၊ ပွင့်လင်းမြင်သာမှုပေးခြင်း၊ ပြန်လည်သုံးသပ်ခြင်း စသည့် စည်းရုံးရေး

စာမျက်နှာ(၆)သို့ ဆက်ရန်

# မိန့်ခွန်းက လှတယ်၊ လူထုကြီးအတွက် အားစစ်စစ် ဖြစ်ပါစေ

■ ဇွန်မှိုင်း ■

၂၀၁၈ခု မတ်လ ၃၀ ရက်နေ့က ပြည်ထောင်စုလွှတ်တော်မှာ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရဲ့ ကတိသစ္စာပြုပွဲ အခမ်းအနား ပြုလုပ်ပါတယ်။ ဒီအခမ်းအနားမှာ သမ္မတအသစ်က ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူလူထုကို နှုတ်ခွန်းဆက်မိန့်ခွန်းပြောပါတယ်။ ရုပ်သံက တိုက်ရိုက်လွှင့်နေတာမို့ အသေအချာ အာရုံစိုက်ပြီး ကြည့်လိုက်ပါတယ်။ မိန့်ခွန်းက အစအဆုံး ၇ မိနစ်နှင့် ၃၉ စက္ကန့်ပဲ ကြာပါတယ်။

မိန့်ခွန်းရဲ့ အစပထမဆုံးမှာ တိုင်းပြည်ရဲ့ လက်ရှိအခြေအနေကို အမြွက်မျှထောက်ပြတယ်။

''ဒီကနေ့ ကျနော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေ၊ ဆင်းရဲနွမ်းပါးဆဲဖြစ်တာကြောင့် နေရာကဏ္ဍ အသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန် ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ နိုင်ငံတကာမျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျနော်တို့နိုင်ငံနဲ့ ကျနော်တို့ပြည်သူတွေ ဒီကနေ့တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ အခက်ခဲတွေကလည်း မနည်းလှပါဘူး''

ပြည်သူတွေ ဆင်းရဲဒုက္ခရောက်နေတယ်။ အဘက်ဘက်မှာ လိုအပ်ချက်တွေ ဖြစ်နေတယ်။ နိုင်ငံတကာမှာလည်း ပုံရိပ်တွေ ကျနေတယ်။ ပြည်သူတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲနဲ့ စိန်ခေါ်ချက်တွေက ကြီးကြီးမားမားရှိနေတယ် ဆိုတဲ့ အချက်တွေကို ထောက်ပြသွားတာ တွေ့ရတယ်။ အမြွက်သဘော ဖြစ်တဲ့အတွက် ဒီလောက်ဆို တော်တော်ခြုံမိတယ်လို့ ဆိုနိုင်ပါတယ်။

ဒုတိယအနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေးဆောင်ရွက်မယ့် လုပ်ငန်းစဉ် ရည်မှန်းချက်တွေကို တင်ပြပါတယ်။ အဲဒါတွေကတော့

(၁) တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး။

(၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး။

(၃) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး။

စတဲ့ ရည်မှန်းချက် ၃ ရပ် ဖြစ်ပါတယ်။ ပြောရရင် ဒီ ၃ ရပ်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲအောင်နိုင်ရေး ကတိကဝတ်တွေလည်း ဖြစ်ပါတယ်။ ဒီ ၃ ရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေးဆောင်ရွက်မယ့် လုပ်ငန်းစဉ်များအဖြစ် ဒီနေ့လို ပွဲဦးထွက် ကတိသစ္စာပြုတဲ့ပွဲမှာ တလေးတနက် ထုတ်ပြောတာ ကောင်းတဲ့ကိစ္စဖြစ်တယ်လို့ ယူနိုင်ပါတယ်။

တတိယအနေနဲ့ ဒီမိုကရေစီအကူးအပြောင်းကာလမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ခေတ်ဟောင်းလက်ကျန် အလေ့အထဆိုးတွေကိစ္စ၊ အဲဒီအလေ့အထဆိုးတွေကြောင့် ဒီနေ့ကြုံတွေ့ ရင်ဆိုင်နေရတဲ့ အကြပ်အတည်းများကိစ္စ၊ အဲဒီအကြပ်အတည်းတွေကို ကျော်လွှားသွားဖို့ အရေးတကြီးဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်ဆိုင်ရာ စဉ်းစားချက်များကိစ္စ စတာတွေကို ချပြပါတယ်။

သမ္မတအသစ်က မဖြစ်မနေဆောင်ရွက်သွားမယ်ဆိုတဲ့ လုပ်ငန်းစဉ်တွေကို တချက်ချင်း ကြည့်ကြည့်ပါမယ်။

''ပြုပြင်ပြောင်းလဲမှု နှောင့်နှေးနေတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများကို ကြပ်မတ်ရပါလိမ့်မယ်''

ပြည်ထောင်စုဝန်ကြီးတွေမှအစ အောက်ခြေယန္တရားတွေအထိ လူထုအတွက် အဟန့်အတားဖြစ်နေတာတွေ၊ ဒီမိုကရေစီအပြောင်းအလဲအတွက် အဟန့်အတားဖြစ်နေတာတွေကို စနစ်တကျ ကိုင်တွယ်သွားမယ်၊ နှေးနေတာတွေနှင့် နှေးအောင် လုပ်နေသူတွေကို ဖော်ထုတ်ကြပ်မတ်သွားမှာ ဖြစ်ကြောင်း ချပြတယ်လို့ ယူဆပါတယ်။

''ယိမ်းယိုင်နေတဲ့ တရားစီရင်ရေးကို တည့်မတ်ရပါလိမ့်မယ်။ အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်ရပါလိမ့်မယ်''

ကျနော်တို့နိုင်ငံရဲ့ တရားရေးမဏ္ဍိုင်အခြေအနေ၊ တရားဥပဒေစိုးမိုးမှုအခြေအနေ၊ အဂတိလိုက်စားမှုနှင့် လက်သင့်ရာ စားတော်ခေါ်နေတဲ့အခြေအနေ၊ တိုင်းပြည်စီးပွားရေးရဲ့ အခရာကျတဲ့နေရာတိုင်းကို တမိုးလုံးဖျောက်ဆိတ်လုပ်ထားကြတဲ့အခြေအနေ စတဲ့စတဲ့ အခြေအနေတွေကတော့ လုံးဝကို ပတ်တုတ်လို့ မရတဲ့ အခြေအနေတွေ ဖြစ်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ သုတေသနပြုချက်များအရ ကျနော်တို့နိုင်ငံဟာ ဘယ်အဆင့်ကိုရောက်နေသလဲဆိုတာ လူတိုင်းသိမြင်နေကြပြီ ဖြစ်ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဆီကို ၂၀၁၈ ဇန်နဝါရီမှ မတ်လအထိ ၃ လတာအတွင်း အဂတိ လိုက်စားမှုဆိုင်ရာ တိုင်ကြားစာ ၁၇၈၁ စောင် ရောက်ရှိရာမှာ ပြည်ထဲရေးဝန်ကြီးဌာနကို တိုင်ကြားတဲ့စာက ငါးရာကျော်တယ်လို့ သိရပါတယ်။ ဥပဒေအထက်မှာ ဘယ်သူမှ မရှိစေရဆိုတဲ့မူနဲ့ ယိမ်းယိုင်နေတာတွေကို တကယ်ပြန်ပြီး တည့်မတ်ဖို့၊ အဂတိလိုက်စားမှုတွေကို အတိအကျတိုက်ဖျက်ဖို့ မုချလိုအပ်ပါတယ်။ ပြောတဲ့အတိုင်း လုပ်မယ်ဆိုရင် ဒီသတ္တိက နတ်လူအပေါင်းက ကောင်းချီးပေးမယ့်သတ္တိ ဖြစ်ပါတယ်။

''လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းများကို မြှင့်တင်ကာကွယ် ရပါလိမ့်မယ်''

လူ့အခွင့်အရေးချိုးဖောက်ခံရမှုတွေ နိုင်ငံအနှံ့မှာ နေရာအနှံ့မှာ သဏ္ဌာန်အမျိုးမျိုးနဲ့ ရှိနေတာဖြစ်ပါတယ်။ ဒါတွေကို အစိုးရသစ်အနေနဲ့ မုချ အကာအကွယ်ပေးဖို့ လိုအပ်ပါတယ်။ သမ္မတအသစ်ရဲ့ မိန့်ခွန်းအရ ပြည်သူတွေကို လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းမှ အကာအကွယ်ပေးသွားမယ်၊ ယခု ရရှိနေတဲ့အခြေအနေကနေ မြင့်သည်ထက်မြင့်လာအောင် မြှင့်တင်သွားမယ်လို့ အာမခံတဲ့သဘောလို့ သုံးသပ်မိပါတယ်။

''မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရပါလိမ့်မယ်''

မူးယစ်ဆေးဝါး ထုတ်လုပ်တာ၊ ဖြန့်ချိတာ အာဖဂန်နစ္စတန်ပြီးရင် ကမ္ဘာမှာ ဒုတိယအများဆုံးနိုင်ငံဖြစ်နေတဲ့ ကျနော်တို့နိုင်ငံအဖို့ ဒီကိစ္စကလည်း တကယ်ကို Big Issue ဖြစ်ပါတယ်။ အသေအချာကိုင်တွယ်ရမှာ ဖြစ်ပါတယ်။ ကားတစီးတိုက်လောက်၊ အိမ်တလုံးစာလောက်၊ ကာလတန်ဖိုး သိန်းပေါင်း သောင်းဂဏန်းလောက် ပိုင်ရှင်မဲ့မူးယစ်ဆေးဝါး ဖမ်းမိမှုတွေ နေ့တိုင်းနီးပါးကြားနေရတယ်။ ဖမ်းမိတာဒီလောက်ဆိုရင် မဖမ်းမိဘဲ လွတ်သွားတာက ဘယ်လောက်ရှိမလဲ။ မင်းကြီးတာက ထွက်နေတဲ့ရွှေသမင်တွေကရော ဘယ်လောက်များနေမလဲ။

ဒါကို အားစိုက်ပြီး မုချ နှိမ်နင်းသွားဖို့ လိုအပ်ပါတယ်။

ပိုမို နှိမ်နင်းသွားရပါလိမ့်မယ်လို့တော့ မိန့်ခွန်းထဲမှာ ထည့်ပြောသွားပါတယ်။

''ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့် ဆုံးရှုံးမှု မရှိစေရန် စီမံခန့်ခွဲရပါလိမ့်မယ်''

ဒီနေ့ပဲ မြောင်းမြကြိုးတံတား မြစ်ထဲပြုတ်ကျတဲ့သတင်းကြားရတယ်။ မြို့သစ်စီမံကိန်းကိစ္စ၊ နိုင်ငံတကာလေယာဉ်ကွင်းကိစ္စ၊ တန်ဖိုးနည်းအိမ်ယာတွေကိစ္စ၊ ပြည်သူပိုင်မြေတွေ၊ အဆောက်အဦတွေ ဖွဲ့ဈေးဆန်ကွဲဈေးနဲ့ နှစ်ရှည်ငှားရမ်းပြီး ထင်တိုင်းကျဲထားတဲ့ကိစ္စ စတဲ့စတဲ့ ဆီးသီးပန်းမောက်တဲ့ အရှုတ်တော်ပုံတွေ မကိုင်ရဲတာလိုလို ဘာလိုလိုနဲ့ မမြင်ချင်ယောင်ဆောင်ထားတဲ့ကိစ္စတွေ အများကြီးရှိပါတယ်။ ဒါတွေကို စည်းနဲ့ကမ်းနဲ့ ရဲရဲတင်းတင်း ကိုင်တွယ်သွားရမှာ ဖြစ်ပါတယ်။ စနစ်ကျတဲ့ စီမံခန့်ခွဲမှုတွေ မုချလိုအပ်နေတာ ဖြစ်ပါတယ်။

''ဥပဒေမဲ့ သိမ်းဆည်းခံခဲ့ရတဲ့ လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေး နစ်နာကြေး ရရှိရေးတို့ကို ဥပဒေနဲ့အညီ ဆောင်ရွက်ရပါလိမ့်မယ်''

သမ္မတအသစ်ဦးဝင်းမြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့စဉ်က ပြောခဲ့တဲ့စကားလို့ မှတ်သားဖူးပါတယ်။ ''အသိမ်းခံရတဲ့သူတွေက စားစရာမရှိဘူး၊ သိမ်းတဲ့သူတွေက ထားစရာမရှိဘူး'' ဆိုတဲ့စကားပါ။ တကယ့်အခြေအနေမှန်ကို ထင်ဟပ်နိုင်တဲ့စကား ဖြစ်ပါတယ်။ ကျနော်တို့နိုင်ငံမှာ လယ်ယာမြေတွေ သိမ်းဆည်းခံရလို့ တိုင်ကြားထားတဲ့ အမှုပေါင်း ၁၀၈၉၁ မှု ရှိတယ်လို့ စစ်တမ်းတခုက ဆိုပါတယ်။ တိုင်စာတွေ အဲဒီလောက်များနေပေမယ့် မြေသိမ်းခံရသူများ ကျေနပ်လောက်တဲ့အဖြေ ရသွားတဲ့အမှုကတော့ မရှိသလောက် နည်းနေသေးတယ်လို့ သိရပါတယ်။ အဝမ္မ အရှေ့ပြောင်းခံနေကြရတဲ့ လက်ပန်တောင်းဒေသ ဝက်မွေးရွာက မသွဲ့သွဲ့ဝင်းတို့လို လယ်သူမတွေ၊ အသက်ပါပေးလိုက်ရတဲ့ မိုးကြိုးပြင်ရွာက ဒေါ်ခင်ဝင်းလို လယ်သူမတွေ ဒီနေ့အထိ ရှိနေကြတုန်းပဲ။ တနိုင်ငံလုံးက တောင်သူလယ်သမားတွေဟာ ကိုယ့်လယ်ကလေး ဘယ်အချိန် အလုယက်ခံရမလဲ ဆိုတဲ့ သောကစိတ်နဲ့ စက္ကန့်တိုင်း စက္ကန့်တိုင်း ရတက်မအေးဖြစ်နေကြရပါတယ်။

ဥပဒေနဲ့အညီဆိုတာမှာလည်း ပြဿနာရှိတယ်။ ဒီနေ့အထိ တောင်သူလယ်သမားတွေရဲ့အကျိုးစီးပွားကို အပြည့်အဝ ကာကွယ်မြှင့်တင်ပေးနိုင်တဲ့ ဥပဒေ၊ နည်းဥပဒေဆိုတာ လုံးလုံးမရှိသေးဘူးဆိုတော့ ဘယ်လိုဥပဒေနဲ့အညီ ကာကွယ်မြှင့်တင်မှာလဲဆိုတာ မေးခွန်းထုတ်ခံရနိုင်ပါတယ်။

''တောင်သူလယ်သမားများရဲ့ လူနေမှုဘဝ မြင့်မားတိုးတက်ရေး၊ အလုပ်သမားများရဲ့ဘဝ သာယာစိုပြေရေး၊ ကျောင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များ ဆည်းပူးခွင့်ရရှိရေး စသည်တို့ကို ဖော်ဆောင်ရပါလိမ့်မယ်''

ယနေ့ကာလ ဒုက္ခအရောက်ဆုံး၊ အကာအကွယ်အမဲ့ဆုံး၊ မရေမရာအဖြစ်ဆုံး ပြည်သူ ၃ မျိုး ကို သမ္မတအသစ်က အထူးကိုပဲ အလေးထားဖော်ပြထားပါတယ်။ တောင်သူလယ်သမားတွေ၊ အလုပ်သမားတွေ၊ ကျောင်းသားတွေရဲ့ အခြေခံအခွင့်အရေးတွေသည်ပင်လျှင် ကနေ့အထိ အနင်းခြေခံနေရဆဲ ဖြစ်ပါတယ်။ သူတို့ကို ကာကွယ်ပေးမယ့် အာဏာပိုင်ရော၊ ဥပဒေ နည်းဥပဒေရော မရှိသေးဘူး ဖြစ်နေပါတယ်။ ကိုယ့်အခွင့်အရေးကို ကိုယ်ကိုယ်တိုင်ပဲ ဘဝတွေရင်းပြီး ခုခံကာကွယ်နေကြရဆဲ ဖြစ်ပါတယ်။

ပြောခဲ့တဲ့လုပ်ငန်းရပ်တွေကို အပီအပြင် ဆောင်ရွက်နိုင်ဖို့အတွက် ဒီနေ့ တည်ရှိနေတဲ့ ပကတိအခြေအနေတွေကို ဘယ်လိုကိုင်တွယ်မှာလဲ။ ဘယ်လိုအစီအမံတွေ ချမှတ်ဆောင်ရွက်မှာလဲ ဆိုတာနဲ့ပတ်သက်ပြီး သမ္မတအသစ်က သူ့မိန့်ခွန်းထဲမှာ အခုလို ဆက်ပြောပြထားတာ တွေ့ရပါတယ်။

''မဏ္ဍိုင်ကြီး ၃ ရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတွေနဲ့ ပြည်သူတွေအကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့ ကျနော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်''

မဏ္ဍိုင်ကြီး ၃ ရပ်လုံး ပြည်သူလူထုအကျိုးကိုပဲ တည့်တည့်မတ်မတ် ကြည့်ပြီး အပြန်အလှန် တည့်မတ်ထိန်းကျောင်း

သွားကြဖို့၊ စတုတ္ထမဏ္ဍိုင်ကိုလည်း အလေးအမြတ်ထားဖို့၊ ပြည်သူ့အသံ ပြည်သူ့ဆန္ဒကို ဦးထိပ်ထားတဲ့ ပြည်သူကို မဏ္ဍိုင်ပြုတဲ့လုပ်ဟန်နဲ့ ဆောင်ရွက်သွားကြဖို့ မဏ္ဍိုင်အသီးသီးကို အလေးအနက် တိုက်တွန်းထားတာ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အလယ်မှာ နိုင်ငံ့ပုံရိပ် ပြန်လည်တောက်ပ မြင့်မားလာစေဖို့၊ နိုင်ငံသူနိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာ မြင့်တက်လာစေဖို့၊ နိုင်ငံသူနိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် တည်ဆောက်ပေးဖို့၊ ပြည်သူတွေ မြင်ချင်တွေ့ချင်တဲ့ အပြောင်းအလဲတွေကို မျက်ဝါးထင်ထင် တွေ့မြင်ရဖို့ ပြည်သူတွေနဲ့အတူ မမိုတ်မသုန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ကတိပြုတာနဲ့ နိဂုံးချုပ်ပါတယ်။

ဒါက မိန့်ခွန်းအစအဆုံး ဖြစ်ပါတယ်။ ဒီမိန့်ခွန်းအပေါ် ကျနော် ဒီလို သုံးသပ်မိပါတယ်။

မိန့်ခွန်းမှာ ဖော်ပြထားတဲ့ အစိုးရအဖွဲ့ရဲ့ ရည်မှန်းချက် ၃ ရပ်က ပြည်သူတွေရဲ့ လိုလားချက်တွေနဲ့ ကိုက်ညီပါတယ်။ မဖြစ်မနေ လုပ်ဆောင်သွားမယ့် အလုပ်တွေကလည်း ကနေ့ လိုအပ်ချက်တွေနဲ့ ကွက်တိဖြစ်ပါတယ်။

ပြည်သူကိုဗဟိုပြု ကြိုးပမ်းဆောင်ရွက်ကြရမယ်ဆိုတဲ့ လုပ်ဟန်ကလည်း မှန်ကန်တဲ့လုပ်ဟန် ဖြစ်ပါတယ်။

ဒီရည်မှန်းချက်တွေ ပေါက်မြောက်အောင်သွားတဲ့ နေရာမှာလည်း ပြည်သူနဲ့အတူသွားမယ်ဆိုတဲ့ ရွေးချယ်မှုက တော်တည့်မှန်ကန်တဲ့ ရွေးချယ်မှု ဖြစ်ပါတယ်။ မိန့်ခွန်းတခုလုံးကို ခြုံကြည့်ရင် လူထုကို မျက်နှာမူတဲ့ မိန့်ခွန်းတရပ် ဖြစ်တယ်လို့ ဆိုနိုင်သလို သမ္မတအသစ်ရဲ့ စေတနာနှင့် စိတ်အားထက်သန်မှုကို ဖော်ပြနိုင်စွမ်းရှိတယ်လို့ သုံးသပ်ချင်ပါတယ်။ ချုပ်ပြီးပြောရရင် မိန့်ခွန်းက တိုပေမယ့် ထိရောက်ကောင်းမွန်ပြီး လှပတဲ့မိန့်ခွန်းတရပ် ဖြစ်ပါတယ်။

ဒီမိန့်ခွန်းကို အပြောသက်သက်မဟုတ်ဘဲ လက်တွေ့လုပ်ရပ်တွေနဲ့ပါ အသက်ဝင်လာအောင် ဆောင်ရွက်နိုင်ဖို့ သမ္မတအသစ်ကို အလေးအနက် အကြံပြုလိုပါတယ်။

သမ္မတအသစ်က မိတ်ဆွေစစ်စစ်နှင့် ရန်သူစစ်စစ်ကို တိတိပပ ကွဲကွဲပြားပြား ရှိရပါလိမ့်မယ်။

သမ္မတအသစ်ဟာ ၅၁ သန်းကျော်သော လူမျိုးစုံပြည်သူလူထုကြီးက ယုံယုံကြည်ကြည်နဲ့ မဲပေးထောက်ခံထားတဲ့ အနိုင်ရပါတီကြီးရဲ့ တာဝန်ရှိသူအဖြစ် မိမိကိုယ်ကို အလေးအနက် ခံယူရပါလိမ့်မယ်။

သမ္မတတယောက်ရဲ့ လုပ်ပိုင်ခွင့်ကို အပြည့်အဝ အသုံးပြုရပါလိမ့်မယ်။

အလုပ်တိုင်းကို Team Work ရှိရှိ နည်းနာကွယ်ကွယ်နဲ့ မမိုတ်မသုန် ကြိုးပမ်းအားထုတ်ရပါလိမ့်မယ်။

လူမျိုးစုံပြည်သူလူထုကြီးကို မိမိရဲ့ မကုန်မခမ်းနိုင်တဲ့ အခိုင်အမာအင်အားအဖြစ် ယုံကြည်ရပါလိမ့်မယ်။

မဟာမိတ်ပေါ်လစီကို အကျယ်အပြန့်ချမှတ်ပြီး မိုးသည်းမုန်တိုင်းထန် ကာလတွေကတည်းက ကိုယ်နဲ့အတူ လက်ချင်းချိတ်ပြီး ရုန်းကန်လှုပ်ရှားခဲ့တဲ့ လုပ်ဖော်ကိုင်ဖက်တွေရဲ့ လက်တွဲဆောင်ရွက်မှုကို ပြန်ပြီး အရယူရပါလိမ့်မယ်။

ဒီအကြံပြုချက်တွေကို အလေးအနက်ထားပြီး ခြေလှမ်းရှိရှိ ကျားကုပ်ကျားခဲ ကြိုးပမ်းဆောင်ရွက်နိုင်ပြီဆိုရင် အခုမိန့်ခွန်းနဲ့ထပ်တူ တောက်ပလင်းလက်တဲ့ လက်တွေ့အောင်ပွဲတွေကို ကာလတခုမှာ မုချရယူပိုင်ဆိုင်နိုင်မှာ ဖြစ်တယ်လို့ ကျနော့်အနေနဲ့ အခိုင်အမာယုံကြည်ပါကြောင်း သမ္မတအသစ်ကို အလေးအနက် အကြံပြုတင်ပြချင်ပါတယ်။

■ ဇွန်မိုး
၃၁၊၃၊၂၀၁၈

---

**စာမျက်နှာ(၃)မှအဆက်**

လုပ်ဟန်များကို မိမိကိုယ်တိုင်နှင့် မိမိ၏ရဲဘော်များအကြားတွင် တိုးတက်ဖွံ့ဖြိုးလာရန် မည်သို့ဆောင်ရွက်နိုင်မည်ဆိုသည့် နည်းနာများကို အစဉ်တစိုက် လေ့လာ ကျင့်သုံးနေသင့်ပေသည်။

နိုင်ငံရေး အယူအဆ၊ အယူဝါဒအမျိုးမျိုး၊ စနစ်အမျိုးမျိုး၊ ဖွဲ့စည်းပုံဥပဒေအမျိုးမျိုး၊ တိုင်းရင်းသားအရေး၊ အမျိုးသမီးနှင့် လူငယ်များအရေး၊ ဒီမိုကရေစီအကြောင်း၊ အခြေခံလူ့အခွင့်အရေးအကြောင်း၊ ငြိမ်းချမ်းရေးအကြောင်း၊ ကျောင်းသားများနှင့် ပညာရေးအကြောင်း၊ နိုင်ငံတကာဆက်ဆံရေးများအကြောင်း စသည်တို့သည်လည်း ပါတီစည်းရုံးရေးမှူးများအဖို့ လေ့လာ သင်ယူသင့်သည့် ကိစ္စရပ်များဟု တင်ပြလိုပါသည်။

မိမိတို့သမိုင်း၊ ကမ္ဘာ့သမိုင်း၊ လူမျိုးစုများ၏ ရုန်းကန်လှုပ်ရှားမှုသမိုင်း၊ အလုပ်သမား လယ်သမား ကျောင်းသား လူငယ် အမျိုးသမီးထု စသော မိမိတို့နိုင်ငံတွင်းရှိ လူထုအလွှာအသီးသီး၏ ရုန်းကန်လှုပ်ရှားမှုသမိုင်းများ စသည်တို့ကိုပါ စည်းရုံးရေးမှူးများက လေ့လာ သိရှိထားသင့်ပေသည်။

သို့မှသာ ပါတီရဲဘော်သစ်များ စည်းရုံးရေး၊ ပါတီကို ကျစ်လျစ်ခိုင်မာအောင် တည်ဆောက်ရေး၊ အဆင့်ဆင့်သော ခေါင်းဆောင်ကောင်းများ ရွေးချယ်တင်မြှောက်နိုင်ရေး၊ ပါတီလုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေးတို့ကို ဤစည်းရုံးရေးမှူးများ၊ ဤပါတီဝင်များကို အခြေခံလျက် မိမိတို့ ဆောင်ရွက်သွားနိုင်ကြလိမ့်မည်ဖြစ်ကြောင်း တင်ပြ နှုိးဆော်လိုက်ပါသည်။

■ စောဝင်း

## နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှုမြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲ မြင်းခြံတွင် ပြုလုပ်



လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အမျိုးသမီးလုပ်ငန်းကော်မတီ–WWC က စီစဉ်ကျင်းပသည့် နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှု မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲတရပ်ကို ၂၀၁၈ ဇန်နဝါရီ ၃၀ ရက်နေ့တွင် မြင်းခြံမြို့၌ ပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ပါတီ၏ အမျိုးသမီးလုပ်ငန်းကော်မတီဝင်များ၊ ဆားလင်းကြီး၊ မြင်းခြံ၊ တံတားဦးမြို့နယ်တို့မှ အမျိုးသမီးခေါင်းဆောင်များ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲ၌ နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်လာခြင်း၏ အရေးကြီးမှု၊ အမျိုးသမီးများ ပါဝင်မှုအပေါ် ပါတီနှင့် အမျိုးသမီးလုပ်ငန်း ကော်မတီတို့၏ သဘောထားများကို အမျိုးသမီးလုပ်ငန်း ကော်မတီ–WWC ၏ တာဝန်ရှိသူများဖြစ်သည့် ဒေါ်နှင်းနှင်းမွှေး၊ ဒေါ်တင်တင်ချို၊ ဒေါ်ခင်ခင်ကြိုင်နှင့် ဒေါ်မေဖြူဆွေတို့ က ဦးဆောင်တင်ပြကြပါသည်။ တက်ရောက်လာသူအားလုံးက နိုင်ငံရေးလုပ်ငန်းထဲတွင် လက်တွေ့ပါဝင် လုပ်ဆောင်ရာ၌ ကြုံတွေ့ကြရသည့် အခက်အခဲများ၊ ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန်နှင့် အဆုံးအဖြတ်ပေးနိုင်မည့် အဆင့်တိုင်းတွင် အမျိုးသမီးများပါဝင်မှု မြှင့်တင်နိုင်ရေးအတွက် နည်းလမ်းများကို အကျယ်အပြန့် ဆွေးနွေးရှာဖွေခဲ့ကြပါသည်။

---

## ဆရာကြီးသခင်ကိုယ်တော်မှိုင်းငြိမ်းချမ်းရေးကွန်ရက်များ၏ အစည်းအဝေးကျင်းပ

ဆရာကြီးသခင်ကိုယ်တော်မှိုင်းငြိမ်းချမ်းရေးကွန်ရက်များ၏ အစည်းအဝေးကို ၂၀၁၈ မတ်လ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဂူဗိမာန်၌ ပြုလုပ်ရာ ရန်ကုန်၊ မှော်ဘီ၊ မန္တလေး၊ မြင်းခြံ၊ မုံရွာ၊ ပခုက္ကူ၊ ပြည်ခရိုင်မှိုင်းငြိမ်းကွန်ရက်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။ ဗကသများအဖွဲ့ချုပ်ကလည်း လေ့လာသူအဖြစ် တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် မိမိတို့ကွန်ရက်အသီးသီး၏ လှုပ်ရှားဆောင်ရွက်နေပုံများကို တင်ပြခဲ့ကြပြီး ကျစ်လျစ်ခိုင်မာသည့် အင်အားစုတစ်ရပ် ဖြစ်လာစေရေးနှင့် ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပါသည်။

---

## ဆရာကြီးသခင်ကိုယ်တော်မှိုင်း ၁၄၂ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



ဆရာကြီးသခင်ကိုယ်တော်မှိုင်း ၁၄၂ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၈ မတ်လ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဂူဗိမာန်၌ ကျင်းပခဲ့ပါသည်။ နံနက်ပိုင်းတွင် ကဗျာရွတ်ဆိုပွဲ ပြုလုပ်ခဲ့ပြီး နေ့လည်ပိုင်းတွင် အခမ်းအနား ကျင်းပခဲ့ပါသည်။ အခမ်းအနားတက်ရောက်လာသည့် ဒီမိုကရေစီ အင်အားစုအသီးသီးက ဂုဏ်ပြုအမှတ်တရစကား ပြောကြားခဲ့ကြပါသည်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်က အမှတ်တရစကား ပြောကြားရာတွင် ငြိမ်းချမ်းရေးရရန်အတွက် NCA သည် တခုတည်းသောနည်းလမ်း မဟုတ်ကြောင်း၊ အခြားနည်းလမ်းများကိုလည်း ကြိုးစားရှာဖွေသင့်ကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လက်ရှိနိုင်ငံရေးအခင်းအကျင်းများကို ထည့်သွင်းပြောကြားခဲ့ပါသည်။ ကွန်းပြန်နိုင်ငံရေးအင်အားစု၊ ၇၄–၇၅–၇၆ နိုင်ငံရေးအင်အားစုများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အလုပ်သမား၊ လယ်သမားနှင့် ကျောင်းသားသမဂ္ဂများ၊ မှိုင်းငြိမ်းကွန်ရက်များ၊ စာပေအနုပညာနယ်ပယ်မှ ပုဂ္ဂိုလ်များ၊ ဆရာကြီးအားချစ်ခင်လေးစားသူများ ၂၀၀ ခန့် အခမ်းအနား တက်ရောက်ခဲ့ကြပါသည်။

# RFA ဆွေးနွေးခန်း(၃၁၊ ၃၊ ၂၀၁၈ ရက်နေ့ မေးပါရစေဦး အစီအစဉ်)တွင် ပါတီဥက္ကဋ္ဌ၏ ဆွေးနွေးတင်ပြချက်များမှ ကောက်နုတ်ချက်

**သမ္မတသစ်၊ လွှတ်တော်ဥက္ကဋ္ဌသစ်** ကျွန်တော့်အထင်ပေါ့နော် သမ္မတသစ်ရွေးချယ်ပွဲမှာ ပြည်သူ့လွှတ်တော်ထဲက ကော်မရှင်တခုရဲ့ဥက္ကဋ္ဌဖြစ်တဲ့ အရင်တုန်းက ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌဟောင်း ဦးရွှေမန်း တော်တော်ရှေ့ရောက်လာတာကို တွေ့ရတယ်။ ဒီတစ်ခုလုံး အပြောင်းအလဲကို ကြည့်တဲ့အခါမှာကျတော့ ကျွန်တော်မြင်တာကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ အရင်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌဟောင်းတို့ ဦးဆောင်တဲ့ အုပ်စုပေါ့။ ဒီနှစ်ခုက တော်တော်လေးပဲ ပေါင်းစည်းသွားပြီလားလို့ ထင်စရာမြင်စရာဖြစ်တယ်လို့ ကျွန်တော်ယူဆတယ်။ ဒါကြောင့် ဒီနေ့အရွေ့ဟာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရွေးတာပဲဖြစ်ဖြစ်၊ နောက် အခုသမ္မတသစ် ဖြစ်လာတာပဲဖြစ်ဖြစ် ဒီနှစ်ခုစလုံးဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ သူရဦးရွှေမန်းတို့အုပ်စုရဲ့ အရွေ့လို့ ကျွန်တော်အဲလိုပြောချင်တယ်။

**ပြည်သူများ အခန်းကဏ္ဍ** ကျွန်တော် အခု သတင်းစာ၊ ဂျာနယ်၊ ဓာတ်ပုံတွေကို ကြည့်တယ်။ ဓာတ်ပုံတွေက စကားပြောနေတယ်လို့ ထင်တယ်။ ကျွန်တော်တို့ကတော့ ထဲထဲဝင်ဝင် အတွင်းသတင်းတွေ မရတဲ့အခါကြတော့ အပြင်ကပဲ ခန့်မှန်းရတာပေါ့။ သမ္မတရွေးချယ်ပွဲမှာ ဦးရွှေမန်းက သမ္မတသစ်ကို နည်းနည်း၊ တစုံတရာ သင်ကြားနေတဲ့ပုံမျိုးတွေ၊ လွှဲပြောင်းပြီးတဲ့အခါမှာ ဓာတ်ပုံ အဲ့ဒီလိုတွေ့ရတယ်။ ကွန်တော်တို့ဆို ကျောင်းသားဘဝထဲက ခုချိန်ထိ နှစ်သုံးဆယ်လောက် တိုင်းပြည်အပြောင်းအလဲအတွက် ကြိုးစားခဲ့တယ်။ ကျွန်တော်တို့တွေ ကြိုးစားခဲ့တာတွေ၊ ကျွန်တော်တို့ ပြည်သူတွေ ပေးတဲ့မဲတွေက သူတို့အတွက် မဟုတ်တာတော့ သေချာတယ်ခင်ဗျ။ ဦးရွှေမန်းတို့အတွက် မဟုတ်တာတော့ သေချာတယ်ဗျ။ ၂၀၁၅ ရွေးကောက်ပွဲပြီးတဲ့အခါ တစ်စုံတစ်ရာတော့ ပြောင်းလို့ရပြီ၊ ရွှေ့လို့ ခြေလှမ်းလှမ်းဖို့ရပြီလို့ ကျွန်တော်တို့ ယူဆလိုက်တယ်။ ဒါပေမဲ့လို့ အခုကျတော့ ပြဿနာက နောက်ပိုင်းနိုင်ငံရေး (Consequences) ရှိတယ်။ (Repercussion) ရှိမယ်လို့ ကျွန်တော်ထင်တယ်။ ဘာကြောင့်လဲဆိုတဲ့အခါကျတော့ ဒေါ်အောင်ဆန်းစုကြည်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့က အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့ကိစ္စကို တစိုက်မတ်မတ်အော်ပြီး လုပ်နေတယ်။ ဒါပေမဲ့ သူတို့ အမျိုးသားပြန်လည်သင့်မြတ်ရေးက လက်တွေ့ကျတော့ တပ်နဲ့ပြေလည်ရေးကိစ္စကိုပဲ ကြိုးစားနေပုံရတယ်။ ကနေ့အထိ တပ်နဲ့ ပြေလည်လား မပြေလည်လား၊ ဘယ်လောက်ထိ တိုင်းပြည်အတွက် ညှိနှိုင်းနိုင်ပြီလဲ ဆိုတာက မသေချာသေးဘူး။ မသေချာသေးတဲ့အချိန်မှာ သူရဦးရွှေမန်းလိုပုဂ္ဂိုလ်မျိုးက ရှေ့ကို အတင်းရောက်လာတဲ့ကိစ္စက ကျွန်တော်တော့ နည်းနည်းစိုးရိမ်တယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ ကြားနေရတဲ့သတင်းတွေက သူရဦးရွှေမန်းကို တကယ်တမ်းကျတော့ တပ်ကလည်းပဲ သိပ်ကြည်ကြည်ဖြူဖြူရှိတာမဟုတ်ဘူး။ ဘာကြောင့်ဆိုတော့ ဟိုတလောက သူ့ကော်မရှင်ကို သက်တမ်းတိုးဖို့ လုပ်တဲ့အခါကျတော့ တပ်မတော်သားတွေက ကန့်ကွက်တယ်။ အဲဒါ အဖုအထစ်များ ဖြစ်နိုင်မလားပေါ့နော်။ နောက်တစ်ခုက ပိုပြီးတော့ အရေးကြီးတဲ့ကိစ္စက ဒီမိုကရေစီအင်အားစုတွေ၊ နိုင်ငံရေးအင်အားစုတွေ၊ နောက် ပြည်သူတွေက ဘယ်လိုမြင်မလဲ။

သူရဦးရွှေမန်းကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ နိုင်ငံရေးပုံရိပ် ကျနိုင်သလား မကျနိုင်ဘူးလား။ ဒီကိစ္စတွေပါ ထည့်တွက်ရမယ်လို့ ကျွန်တော်ထင်တယ်။ ဒါကြောင့်မို့ အခုတက်လာမယ့် သမ္မတအနေနဲ့ ပြောမယ်ဆိုရင် သူ ဒီကိစ္စကို ကျေလည်အောင်ရှင်းဖို့၊ အထူးသဖြင့် လူထုကို ကြေလည်အောင်ရှင်းဖို့ တော်တော်လိုအပ်တယ်။ အဲဒါ အရေးတော်တော်ကြီးတယ်လို့ ကျွန်တော် အဲ့ဒီလို ထင်တယ်ဗျ။

**ငြိမ်းချမ်းရေး မျှော်လင့်ချက်** အခြေခံကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်တဲ့အခါမှာ ဘာပဲပြောပြော တပ်ကတော့ နည်းနည်းအရေးကြီးတယ်။ တပ်နဲ့ ညှိနှိုင်းဖို့တော့လိုတယ်။ သူတို့နဲ့ ယုံကြည်မှုတည်ဆောက်နိုင်ဖို့ လိုတယ်။ သို့သော်လည်း (Principle) တော့ရှိရမယ်လို့ ကျွန်တော်ထင်တယ်။ သူတို့ကို မထိနဲ့၊ ဘာပဲဖြစ်ဖြစ် လက်ခံလိုက် ဆိုတာမျိုးက နည်းနည်း (Principle)မရှိတဲ့သဘော ဖြစ်တယ်လို့ ကျွန်တော်ထင်တယ်။ နောက်တစ်ခုက တိုင်းရင်းသားအင်အားစုတွေနဲ့ ဆွေးနွေးကြတယ်၊ ပြောဆိုကြတယ် ဆိုတဲ့အခါမှာလည်းပဲ အစိုးရက ကိုယ်တိုင်ကိုယ်ကျ တကယ်ဦးစီးပြီး လုပ်စေချင်တယ်။ ကျွန်တော်တို့ အစိုးရယူထားတဲ့ Roll က တပ်နဲ့ တိုင်းရင်းသားအင်အားစုတွေကြားမှာ ကြားက ညှိပေးဖို့ယူတဲ့ Roll မျိုးဖြစ်နေတယ်။ အဲဒါက နည်းနည်းလေးတော့လွဲနေသလားလို့။ လက်တွေ့မှာ လက်နက်ကိုင်တိုင်းရင်းသားအင်အားစုတွေဘက်က ကြည့်မယ်ဆိုရင် အစိုးရနဲ့ တပ်ဆိုတာ တစ်ခုတည်းလို့မြင်မှာ။ အကုန်လုံးက တစ်စုတည်း၊ သူတို့ကတဖက်လို့ နားလည်ထားမှာ။ ကိုယ်က တိုင်းရင်းသားအင်အားစုတွေကို ပါလာဖို့လိုလားရင် (Chief Negotiator)တွေဘာတွေ သေချာထားပြီး သေချာလုပ်ရမှာဖြစ်တယ်။

အခု ကျွန်တော်တို့ လက်ရှိရှိနေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကိုကြည့်။ (Chief Nego-tiator) ဘယ်သူလဲမသိဘူး။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ (Chief Negotiator)က ဒေါက်တာတင်မျိုးဝင်းလား၊(Peace Commission)ရဲ့ ဥက္ကဋ္ဌလား၊ ဒေါ်အောင်ဆန်းစုကြည်လား။




ဒေါ်အောင်ဆန်းစုကြည်က သူ့မှာ အလုပ်တာဝန်တွေက များနေတယ်။ ဒီကိစ္စကို ဖောက်ချပြီး အမြဲတမ်းလုပ်နိုင်မှာ မဟုတ်ဘူး။ သူက ပေါ်လစီလောက်ပဲ သူကိုင်ရမှာဖြစ်တယ်။ လက်တွေ့ကျ ဒီကိစ္စကို ထဲထဲဝင်ဝင် ဘယ်သူ အကောင်အထည် ဖော်နေတာလဲ ဆိုတဲ့ကိစ္စက မေးခွန်းရှိတယ်။ အရင်အစိုးရလက်ထက်က ရှင်းတယ်။ ဦးသိန်းစိန်လက်ထက်က ရှင်းတယ်။ ဦးအောင်မင်းထား၊ ဦးအောင်မင်း လုပ်တယ်။ သူက သူ့သမ္မတကို အာမခံလုပ်တယ်။ အခုဒီမှာလည်း Peace လို ကိစ္စမျိုးက အမြဲတမ်းထိတွေ့ အမြဲတမ်းပြောဆို အမြဲတမ်းကို ယုံကြည်မှုတည်ဆောက်နေရမယ့် အနေအထား။ အဲ့ဒီအနေအထားမှာ အဲ့ဒါကို သေသေချာချာ ထိုင်ပြီးတော့ ဘယ်သူလုပ်နေလဲဆိုတာ အခု ၂ နှစ် ရှိပြီ၊ ပေါ်လွင်မလာဘူး။ နောက် တပ်နဲ့ကိစ္စကလည်း ခုအချိန် ဘယ်လောက်ထိ စည်းစည်းလုံးလုံးဖြစ်နေပြီလဲ၊ ဘယ်လောက်ထိ နားလည်မှုရနေပြီလဲ၊ အစိုးရရဲ့သဘောထားနဲ့ တပ်သဘောထားနဲ့က ကိစ္စတိုင်းမှာ တူနေသလား။ ဥပမာဗျာ ဟိုတလောက ရှမ်းပြည်မှာ အခြားလက်နက်ကိုင်အဖွဲ့အစည်းတွေ နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ စုပြီး နိုင်ငံရေးဆွေးနွေးပွဲလုပ်တယ်။ မလုပ်ခင်မှာ လူထုနဲ့တွေ့တယ်။ လူထုနဲ့တွေ့တဲ့အခါမှာ အစိုးရကနေပြီးတော့ ဒီကိစ္စကို ခွင့်ပြုတယ်။ တပ်က လိုက်တားတယ်။ ဒီ NCA သဘောတူညီမှုပေါ်မှာပဲ နားလည်မှုက တစ်ယောက်နဲ့တစ်ယောက်မတူဘူး ဖြစ်နေတယ်။ ဒီလိုကိစ္စမျိုးတွေက စပြီးတော့ပေါ့နော်၊ အဲ့ဒီတော့ တပ်နဲ့အစိုးရနဲ့က ဘယ်လိုလည်း ပြေလည်ရဲ့လား။ သေချာဆွေးနွေးမှုတွေ ရှိကြရဲ့လား။ သို့လောသို့လော ဖြစ်တာပေါ့။

**အမျိုးသားရင်ကြားစေ့ရေး အလားအလာ** စိုးရိမ်စရာ ထင်မိတဲ့တစ်ခုကတော့ ကျွန်တော်တို့ ဒီမိုကရေစီအင်အားစုတွေ ပြည်သူလူထုနဲ့ နိုင်ငံရေးအင်အားစုတွေကြား ယုံကြည်မှုကျသွားမှာ အရမ်းစိုးရိမ်တယ်။ အဲဒါက ပြန်ပြီးတော့ ဆယ်ဖို့ တော်တော်ခက်တယ်။ အခုအခြေအနေက လွန်ခဲ့တဲ့ ၂ နှစ်ကိုကြည့်လေ။ ကျွန်တော်တို့က ဘာပဲပြောပြော၊ ကျွန်တော်တို့အစိုးရတက်လာပြီးလို့ရှိရင် ဒီမိုကရေစီဘောင်က တဖြေးဖြေးကျယ်သွားလိမ့်မယ်လို့ ကျွန်တော်တို့ ယူဆခဲ့တယ်။ လက်တွေ့မှာ ကျဉ်းနေတယ်။ ငြိမ်းစုစီလည်း ပြင်လိုပြင်။ ၆၆(ဃ)နဲ့လည်း တရားစွဲတာ ရာကျော်။ နိုင်ငံရေးအကျဉ်းသားတွေလည်း အခုထိ ရှိတုန်းပဲ။ ဒီမိုကရေစီဘောင်က အတော်ကျဉ်းလာတယ်။ အဲ့ဒီလိုပဲ CSO တွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍကလည်း တော်တော်နောက်ရောက်တယ်။ ဒီအခြေအနေအောက်မှာ၊ ခုလိုအခြေအနေမျိုးမှာ သူရဦးရွှေမန်းက ကျွန်တော်တို့ ရွေးချယ်တင်မြှောက်ထားတဲ့ ခေါင်းဆောင်တွေနဲ့ တန်းတူရှိနေတဲ့ကိစ္စက တော်တော် ပြဿနာရှိတယ်။ အကြည့်ရ တော်တော်ရုပ်ဆိုးတယ်။ ကျွန်တော်တို့လူထုကြားထဲမှာ နိုင်ငံရေးအင်အားစုတွေကြားထဲမှာ အဲ့ဒီအတွက် ယုံကြည်မှုကျသွားရင်၊ အဲ့ဒါကို ပြန်တင်ဖို့ တော်တော်ခက်မယ်လို့ ကျွန်တော်ထင်တယ်။ အဲ့ဒါ စိုးရိမ်စရာ သိပ်ကောင်းတယ်။

**တရားဥပဒေစိုးမိုးရေး** ကျွန်တော်တို့ပြည်သူတွေ အခု ကျီးလန့်စာစားနေနေရတာပေါ့။ ဘာကြောင့် ဒီလိုဖြစ်နေရတာလဲဆိုတာ ပြောဖို့ခက်တယ်။ နောက်တစ်ခု လူမျိုးရေး၊ ဘာသာရေးကိစ္စတွေနဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ လှုံ့ဆော်တာတွေ များလာတယ်။ အဲ့ဒီကိစ္စတွေကို လုပ်မယ် ကိုင်မယ်ဆိုရင်တော့ ပြည်ထဲရေးက တာဝန်အများကြီးရှိတယ်လို့ ကျွန်တော်ထင်တယ်။ တချို့တရားခံတွေဆိုရင် တရားရုံးထုတ်တဲ့ အချိန်မှာတောင်မှ မင်းတို့ ထမင်းဝအောင် စားထားလို့ လူတွေကို ခြိမ်းခြောက်တာတွေ လုပ်တယ်။ အဲ့ဒါမျိုးကိစ္စတွေမှာ ထိထိရောက်ရောက် ကိုင်တွယ်ဖို့လိုတယ်။ ပြည်ထဲရေးက သေသေချာချာအလုပ်လုပ်ဖို့ လက်ရှိနိုင်ငံတော်သမ္မတက ကြပ်မတ်ရလိမ့်မယ်လို့ထင်တယ်။ တပြိုင်နက်တည်းမှာပဲ တရားစီရင်ရေးကိစ္စတွေဟာ ကျွန်တော်တို့ နိုင်ငံမှာ တော်တော်လေးကို ချွတ်ယွင်းနေတယ်။ အဓိကကတော့ သူက ကြပ်ကြပ်မတ်မတ်နဲ့ ပြည်ထဲရေးကိုပဲ ဖြစ်ဖြစ်၊ တရားစီရင်ရေးကိုပဲဖြစ်ဖြစ် ဒီလိုကိစ္စတွေကို သေသေချာချာကိုင်တွယ်ဖို့ လိုလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ။

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ အမျိုးသမီးများပါဝင်မှု အခန်းကဏ္ဍ

## ■ ကြယ်စင်မြစ် ■

ကျမတို့နိုင်ငံ လွတ်လပ်ရေးရခဲ့တာ နှစ်၇၀ ရှိခဲ့ပါပြီ။ အံ့သြစရာကောင်းတာက ပြည်တွင်းစစ်ကလည်း နှစ် ၇၀ ရှိသွားပြီ ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီး ၂ လ နဲ့ ၂၄ ရက်အကြာမှာ ပြည်တွင်းစစ်စဖြစ်ခဲ့ကြတာ ဒီနေ့အထိလည်း ပြည်တွင်းစစ်မီးဟာ မငြိမ်းနိုင်အောင် ဖြစ်နေကြရပါတယ်။

ဒီပြည်တွင်းစစ် နှစ် ၇၀ အတွင်းမှာ နှစ်ဖက်စစ်သည်တွေ ဘယ်လောက် အသက်ပေးခဲ့ကြရပြီလဲ။ ခြေလက်အင်္ဂါတွေ ဘယ်လောက်စွန့်လွှတ်ခဲ့ရပြီလဲ။ အပြစ်မဲ့ အရပ်သားပြည်သူတွေရော ဘယ်လောက်အသက်ပေးခဲ့ရပြီလဲ။ ရွာပေါင်းဘယ်လောက် ပြာပုံဖြစ်ခဲ့ရပြီလဲ။ ပြည်သူ့ဘဏ္ဍာတွေ ဘယ်လောက် ကုန်ဆုံးခဲ့ကြပြီလဲ။

ပြည်တွင်းစစ်ဟာ ဘာကောင်းကျိုးကိုမှ သယ်ဆောင်မလာနိုင်ဘဲ အလောင်းကောင်တွေ၊ မုဆိုးမတွေ၊ သားပျောက်မိခင်တွေ၊ ခြေပြတ်လက်ပြတ်တွေ၊ လိင်မှုကိစ္စ အကြမ်းဖက်ခံရလို့ ဘဝပျက်သွားတဲ့ အမျိုးသမီးငယ်တွေ၊ မီးလောင်ငုတ်တိုတွေနဲ့ နေရပ်စွန့်ခွာထွက်ပြေးနေကြရသူတွေကိုပဲ သယ်ဆောင်လာခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ သန်းခေါင်စာရင်းအရ ကျမတို့နိုင်ငံမှာ လူဦးရေ ၅၁ သန်းကျော်ရှိတယ်လို့ ဆိုပါတယ်။ အဲဒီလူဦးရေရဲ့ ထက်ဝက်ကျော်က အမျိုးသမီးတွေဖြစ်ကြပါတယ်။ ဒါဆို ဒီပြည်တွင်းစစ်ကြီးက သယ်ဆောင်လာတဲ့ ရလဒ်ဆိုးတွေကို အဲဒီတဝက်ကျော် ဆိုကြပါစို့ ၂၆ သန်း၊ ၂၇ သန်းသော အမျိုးသမီးတွေ ခါးစည်းပြီးခံနေကြရတာ ဖြစ်ပါတယ်။

ဒါဆိုရင် ဒီပြည်တွင်းစစ်မီးကို ငြှိမ်းသတ်တဲ့သူတွေထဲမှာ သေချာပေါက် အဲဒီအမျိုးသမီးတွေ ပါဝင်ခွင့် ရရပါလိမ့်မယ်။ ကိုယ့်လင်သားကို သေအောင်၊ ကိုယ့်သားကို သေအောင်၊ ကိုယ့်သမီး အစော်ကား ခံရအောင်၊ ကိုယ့်ရွာ မီးလောင်ပြာကျသွားအောင်၊ ကိုယ့်ဘဝ ပျက်သွားအောင် မျိုးဆက် ၃ ဆက် ၄ ဆက်စာ ဆက်တိုက်လောင်မြိုက်နေတဲ့ ဒီမီးကို အမျိုးသမီးတွေကိုယ်တိုင် ပါဝင်ပြီး ငြှိမ်းသတ်ကြရမှာ ဖြစ်ပါတယ်။

ဒါဟာ အင်မတန်ကိုရိုးရှင်းတဲ့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ကိစ္စရပ် ဖြစ်တယ်လို့ ကျမ အလေးအနက်ယုံကြည်ပါတယ်။ ဒါပေမဲ့ တကယ်တမ်းဖြေရှင်းခွင့်၊ တကယ်ငြှိမ်းသတ်ခွင့် လက်တွေ့မှာ အမှန်တကယ်ရရောရရဲ့လားလို့ ကျမ ဆန်းစစ်ကြည့်ချင်ပါတယ်။

ကျမ လေ့လာမိသလောက် ဦးသိန်းစိန်အစိုးရ လက်ထက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ကိုယ်စားလှယ် ၇၀၀ တက်ရောက်ခဲ့ကြတယ်။ ဦးထင်ကျော်အစိုးရလက်ထက်မှာ ပြုလုပ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–၂၁ရာစုပင်လုံညီလာခံမှာကျ ကိုယ်စားလှယ် ၇၅၀ တက်ရောက်ခဲ့ကြပါတယ်။ တက်ရောက်တဲ့ကိုယ်စားလှယ်တွေထဲမှာ အမျိုးသမီးဦးရေ ၃၀% ပါရှိရမယ်လို့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် (The Framework for Political Dialogue) မှာ အတိအကျရေးထားကြပေမယ့် လက်တွေ့မှာ အဲဒီလိုမဟုတ်ဘူးလို့ သိရပါတယ်။

ဒါကိုကြည့်ရင် ဒီနေ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးကို ဦးဆောင်ဦးရွက်လုပ်နေကြသူတွေဟာ အမျိုးသမီးတွေရဲ့ အသံကို ဘယ်လောက်နားထောင်သလဲ။ ဘယ်လောက်အလေးထားသလဲ ဆိုတာ ခန့်မှန်းကြည့်လို့ ရနိုင်ပါတယ်။

ငြိမ်းချမ်းရေးကိစ္စရပ်တွေမှာ အမျိုးသမီးတွေ ပါဝင်ခွင့်ရဖို့ အလွန်အရေးကြီးပါတယ်။ အမျိုးသမီးတွေပါဝင်တဲ့ ငြိမ်းချမ်းရေးဟာ အမျိုးသားများချည်းသက်သက် ဆောင်ရွက်တဲ့ ငြိမ်းချမ်းရေးထက် ပိုမိုပြည့်စုံမယ်၊ ပိုမိုထောင့်စေ့မယ်၊ ရေရှည်မှာ ပိုပြီး တည်တံ့ခိုင်မြဲစေလိမ့်မယ်လို့ ကျမ ယူဆမိပါတယ်။ ဘာကြောင့်လဲဆိုရင် အမျိုးသမီးတွေဟာ ပြည်တွင်းစစ်ရဲ့ ဆိုးကျိုးတွေကို ပိုပြီး နင့်နင့်သည်းသည်း ခံစားကြရသူတွေ ဖြစ်ကြတော့ ငြိမ်းချမ်းရေးရဲ့တန်ဖိုးကို ဘဝနဲ့ရင်းပြီး ပိုမိုနားလည်နေကြတဲ့အတွက် ဖြစ်တယ်လို့ ကျမ သုံးသပ်မိပါတယ်။

ဒီအချက်နဲ့ပတ်သက်ပြီး ကျမ အတွေ့အကြုံလေးတခု ပြောပြချင်ပါတယ်။ ရှင်သန်လွတ်မြောက်လာသူ အမျိုးသမီးတွေအတွက် ပြုလုပ်တဲ့ သင်တန်းတစ်ခုကို ကျမ တက်ခွင့်ရခဲ့စဉ်က ဖြစ်ပါတယ်။ အဲဒီသင်တန်းမှာ နိုင်ငံရေးအကျဉ်းသူဟောင်းတွေ၊ ဒုက္ခသည်စခန်းက အမျိုးသမီးတွေ၊ ပဋိပက္ခဒေသ၊ စစ်ပွဲဖြစ်ပွါးနေတဲ့ဒေသတွေက အမျိုးသမီးတွေ ပါဝင်တက်ရောက်ကြပါတယ်။ ကိုယ်တိုင်ခံစားခဲ့ရတာတွေကို ပြန်လည်မျှဝေကြတဲ့ပွဲလို့ ဆိုလို့ရပါတယ်။

ဒီမျှဝေပွဲမှာ ကရင်ပြည်နယ်က ကျေးရွာအုပ်ချုပ်ရေးမှူး (သူတို့အသုံးအရ ကျေးရွာသူကြီး) တာဝန်ယူထားတဲ့ ကရင်အမျိုးသမီး သူကြီးမကြီးတွေရဲ့ ပြောကြားချက်တွေက အလွန်စိတ်ဝင်စားစရာကောင်းပါတယ်။ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးဒေသမှာရှိတဲ့ ကျေးရွာတွေမှာ အရင်တုန်းကဆိုရင် အမျိုးသား တွေကိုသာ သူကြီးအဖြစ် ခန့်ထားခဲ့ကြပါတယ်တဲ့။ ဒါပေမယ့် နှစ်ဘက်လက်နက်ကိုင်တပ်ဖွဲ့တွေ ဝင်ထွက်သွားလာရာဒေသဖြစ်လို့ အထင်အမြင်မှားမှုတွေကြောင့် သူကြီးဖြစ်သူတွေ မကြာခဏ အသတ်ခံကြရတယ်လို့ ဆိုပါ

တယ်။ အသတ်ခံရဖန်များလာတော့ အမျိုးသားတွေက သူကြီးတာဝန် မယူရဲကြတော့ဘဲ အမျိုးသမီးများက တာဝန်ယူလာကြရပါတယ်တဲ့။ အဲဒီလို အမျိုးသမီးတွေ သူကြီးတာဝန်ယူပြီး နောက်ပိုင်းမှာ အသတ်ခံရတာတွေ မရှိတော့တာတွေ့ကြရတယ်လို့ ပြောပြပါတယ်။ အကြောင်းရင်းကတော့ အမျိုးသမီးသူကြီးတွေက အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် နေတတ်တာ၊ နှစ်ဘက် လက်နက်ကိုင် အင်အားစုတွေနဲ့ သင့်တင့်လျောက်ပတ်စွာ ဆက်ဆံပြောဆိုတတ်တာတွေကြောင့် ပြဿနာတွေ မဖြစ်တော့ဘဲ အသတ်ခံရမှုတွေလည်း မရှိတော့ဘူးလို့ ပြောပြပါတယ်။



ဒီဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် အမျိုးသမီးများအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ထိန်းထိန်းသိမ်းသိမ်း ညှိညှိနှိုင်းနှိုင်း ဆောင်ရွက်ပေးနိုင်စွမ်း အမျိုးသားတွေထက် သာလွန်ကောင်းမွန်တယ်လို့ မှတ်ချက်ပြုနိုင်ပါတယ်။ အခြားသော အချက်အလက်တွေလည်း ရှိနိုင်သေးတယ်ဆိုတာ ကျမအနေနဲ့ စဉ်းစားမိပေမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲမှာ အမျိုးသမီးတွေ ပါဝင်ဆောင်ရွက်ကြရင်၊ ဆောင်ရွက်ခွင့်ရရင် အလွန်ပင်သင့်လျော်မှာဖြစ်တယ်လို့ ကျမ အလေးအနက် သုံးသပ်ချင်ပါတယ်။

စစ်ပွဲတွေထဲမှာ အမျိုးသမီးတွေနဲ့ ကလေးတွေဟာ ထိခိုက်ခံစားရဆုံးသူများအဖြစ် တည်ရှိနေကြတယ်။ အဲဒီသူတွေက အဲဒီအခြေအနေဆိုးတွေကနေ ရုန်းထွက်နိုင်အောင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်ဆောင်ရွက်သူများအဖြစ် အမှန် ရှိကြဖို့ ထိုက်ပါတယ်။ အမျိုးသမီးများကိုယ်တိုင် ပါဝင်ပြီး စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်ခွင့်ရဖို့ကိစ္စဟာ အရေးတကြီး ကိစ္စ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးရဖို့ ပြောဆိုဆွေးနွေးနေကြရာကနေ အကြမ်းဖက်မှုတွေဆီ၊ လက်နက်ကိုင်ပြီး အပြန်အလှန် သတ်ဖြတ်ကြတဲ့ စစ်ပွဲတွေဆီ အရောက်မခံဖို့ လိုအပ်ပါတယ်။ ဘယ်သူ့ကိုနိုင်စေပြီး ဘယ်သူ့ကို ရှုံးစေတယ်ဆိုတာမျိုး ဆောင်ရွက်ရမှာမဟုတ်ဘဲ အေးချမ်းတည်ငြိမ်တဲ့ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ကြမယ်ဆိုတဲ့ ရည်မှန်းချက်ပြည့်ဝအောင်မြင်ရေးကိုသာ အဓိကထားကြရမှာ ဖြစ်ပါတယ်။ ဒီလို စိတ်ရှည်လက်ရှည်နဲ့ အမြော်အမြင်ကြီးကြီး ဆောင်ရွက်နိုင်ဖို့မှာ အမျိုးသမီးများရဲ့ မိခင်စိတ်နဲ့ ထူးခြားတဲ့ အရည်အချင်းတွေကို အသုံးပြုခွင့်ပေးကြရမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းတဲ့လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်ရေးမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍဟာ များစွာအရေးပါကြောင်း တွေ့ရှိရပါတယ်။ တိုင်းပြည်တစ်ပြည်မှာ အမျိုးသမီးလွှတ်တော်အမတ် ၃၅%ရှိရင် ပဋိပက္ခထဲ ပြန်လည်ကျရောက်သွားမှုနှုန်းက ၀% ဖြစ်သွားတယ်လို့ သုတေသနပြုချက်တွေအရ သိရှိရပါတယ်။ အမျိုးသမီးတွေကို နိုင်ငံရေးမှာ ပါဝင်ခွင့်ပေးခြင်း၊ အဓိကဆုံးဖြတ်ချက်တွေ ချမှတ်တဲ့နေရာတွေမှာ ပါဝင်ခွင့်ပြုခြင်း ဆိုတာတွေဟာ တည်ငြိမ်အေးချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းတွေနဲ့ တိုက်ရိုက်အချိုးကျတယ်လို့ သုံးသပ်မှုတွေရှိပါတယ်။ ဒီသုံးသပ်မှုကို ကျမ အပြည့်အဝ ထောက်ခံချင်ပါတယ်။

ကမ္ဘာ့အဆင်းရဲဆုံး၊ ပဋိပက္ခအဖြစ်ဆုံးနိုင်ငံပေါင်း ၁၇ နိုင်ငံအနက် ၁၄ နိုင်ငံဟာ လိင်ခွဲခြားမှုကို နှစ်ပေါင်း ၂၀ ကျော် အလွန်ပဲ ပြင်းပြင်းထန်ထန် ခံခဲ့ရတဲ့နိုင်ငံတွေ ဖြစ်တယ်လို့ လေ့လာတွေ့ရှိရပါတယ်။ ကမ္ဘာ့နိုင်ငံ ၁၀၈ နိုင်ငံမှာ အမျိုးသမီး အမျိုးသား ခွဲခြားမှု တတိယမြောက် အများဆုံးနိုင်ငံဖြစ်တဲ့ ဆီးရီးယားမှာ အမြဲတမ်းလိုလို စစ်မက်ဖြစ်ပွါးနေတာကိုလည်း တွေ့ရှိရပါတယ်။ လေ့လာတွေ့ရှိချက်တွေအရ ပဋိပက္ခ ဖြစ်ပွါးတဲ့ ၅၈ နိုင်ငံရဲ့ လွှတ်တော်တွေထဲမှာ အမျိုးသမီးတစ်ယောက်မှ မရှိကြဘူးဆိုတာကိုလည်း တွေ့ကြရပါတယ်။ ပါလီမန်မှာ အမျိုးသမီးပါဝင်မှု ၅% တိုးလာရင် စစ်မက်ဖြစ်ပွါးမှု ၅% လျော့ကျသွားတယ်လို့ သိရပါတယ်။

အမျိုးသမီးအများစုကြီးက သာမန်အားဖြင့်ဆိုရင် အိမ်မှုကိစ္စတွေ၊ သားရေးသမီးရေးကိစ္စတွေ၊ စားဝတ်နေရေးတွေထဲမှာပဲ အချိန်ကုန်လေ့ရှိကြပါတယ်။ ဒါမျိုးက မိရိုးဖလာ အစဉ်အလာလို ဖြစ်နေတဲ့အတွက် ဒီထဲကနေ ဖောက်ထွက်နိုင်ကြဖို့၊ ရုန်းထွက်နိုင်ကြဖို့ လိုပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပါအဝင် တိုင်းပြည်ရဲ့အရေးတကြီးကိစ္စရပ်တိုင်းမှာ အမျိုးသမီးတွေရဲ့ ပါဝင်မှု ဘယ်လောက် အရေးကြီးတယ်ဆိုတာကို အမျိုးသမီးများကိုယ်တိုင် လက်ခံသိရှိပြီး ဖောက်ထွက်ဆောင်ရွက်လာကြဖို့ လက်ရှိကြုံတွေ့ရင်ဆိုင်နေရတဲ့ အခြေအနေအရပ်ရပ်က အရေးတကြီးတောင်းဆိုနေပြီလို့ ကျမ ယူဆပါတယ်။

ကျမ လေ့လာမိသလောက်ဆိုရင် မြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော်မှာ အမျိုးသမီးပါဝင်မှုက ၁၀ . ၂% ပြည်နယ်နဲ့ တိုင်းဒေသကြီးလွှတ်တော်တွေမှာ အမျိုးသမီးကိုယ်စားလှယ်ပါဝင်မှုက ၃% သာရှိတယ်လို့ သိရပါတယ်။ ဒါက ဥပဒေပြုရေးကဏ္ဍမှာ အမျိုးသမီးတွေရဲ့ ပါဝင်နိုင်မှုအခြေအနေဖြစ်ပါတယ်။

အုပ်ချုပ်ရေးပိုင်းကျပြန်တော့လည်း ပြည်ထောင်စုအဆင့်မှာ အမျိုးသမီးဝန်ကြီးဆိုလို့ ဒေါ်အောင်ဆန်းစုကြည်တစ်ဦးတည်းသာရှိပြီး ပြည်နယ်နဲ့တိုင်းဒေသကြီး အဆင့်တွေမှာ အမျိုးသမီးဝန်ကြီး ၇ ဦးသာ ရှိပါတယ်။ မြို့နယ်အဆင့်မှာ အမျိုးသမီး အထွေထွေအုပ်ချုပ်ရေးမှူး လုံးဝမရှိပါဘူး။ ဒီအချက်အလက်တွေကို ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံမှာ နိုင်ငံရေးနဲ့ ဆုံးဖြတ်ချက်ချတဲ့ကဏ္ဍတွေမှာ အမျိုးသမီးများအပေါ် ယုံကြည်စွာ တာဝန်ပေးမှုဟာ အလွန်ပင် အားနည်းနေသေးတာကို တွေ့ကြရမှာ ဖြစ်ပါတယ်။

ဒီလိုအားနည်းနေတာကို ဒီအတိုင်းထားလိုက်လို့ မရပါဘူး။ ဘာကြောင့်လဲဆိုရင် ငြိမ်းချမ်းရေးအပါအဝင် ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးစတဲ့ ကိစ္စအရပ်ရပ်ဟာ လူတိုင်းလူတိုင်းနဲ့ သက်ဆိုင်ပါတယ်။ နိုင်ငံသားတယောက်စီ တယောက်စီတိုင်းနဲ့ သက်ဆိုင်ပါတယ်။ အမျိုးသမီးတိုင်း၊ အမျိုးသားတိုင်းနဲ့ သက်ဆိုင်နေလို့ ဖြစ်ပါတယ်။

မတ်လ ၈ ရက်နေ့ဟာဆိုရင် နိုင်ငံတကာ အမျိုးသမီးများနေ့ ဖြစ်ပါတယ်။

နိုင်ငံတကာမှာ ပြောရရင် ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတိုင်းမှာ အမျိုးသမီးတွေကို ချန်ထားတာ၊ အမျိုးသမီးတွေရဲ့ တန်ဖိုးကို အသိအမှတ်မပြုတာ၊ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံတာ လုံးဝမလုပ်မိကြဖို့ အထူးအလေးထားနေကြပါပြီ။

ကျမတို့နိုင်ငံမှာတော့ အထက်မှာတွေ့ကြရတဲ့ ကိန်းဂဏန်းတွေအရ သီအိုရီအရ နားလည်ကြပါတယ်ဆိုရင်တောင် လက်တွေ့က အများကြီးကျန်နေသေးတာကို ဝန်ခံကြရမှာ ဖြစ်ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုတွေ အပါအဝင် နယ်စပ်အခြေစိုက် ဒီမိုကရက်တစ်အင်အားစုများ စုပေါင်းရေးဆွဲအတည်ပြုထားတဲ့ ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စုဖွဲ့စည်းရာမှာ အခြေခံရမယ့်မူ ၈ ချက် (Eight Basic Principles for Federal Democratic Union) ကို ကျမ လေ့လာကြည့်ဖူးပါတယ်။

အဲဒီ ရှစ်ချက်ထဲမှာ
အချက်(၆) ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာတန်းတူညီမျှမှု( Democracy, Human Rights and Gender Equality)

ဘာသာအယူဝါဒ၊ အသားအရောင်၊ လိင်ကွဲပြားမှုများကို အခြေခံသော ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ အခြေခံ လူ့အခွင့်အရေးများ၊ ဒီမိုကရေစီအခွင့်အရေးများကို ကာကွယ်ပြဌာန်း ပေးရမည်လို့ အတိအလင်းထည့်သွင်း ပြဌာန်းထားပါတယ်။

အလားတူပါပဲ။ ယနေ့အာဏာရပါတီ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲကြေညာစာတမ်း(၂၀၁၅ ခုနှစ်) ရဲ့ စာမျက်နှာ ၁၈ မှာ
(၁) အမျိုးသမီးများသည် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် အမျိုးသားများနှင့်တန်းတူ အခွင့်အရေးများ ရရှိစေရေးအတွက် ပြဌာန်းထားသောဥပဒေများ ထိရောက်မှုရှိစေရန် ဆောင်ရွက်မည်။

အစချီတဲ့ အချက် ၆ ချက်ပါ ပြဌာန်းချက်ကို အမျိုးသမီးဆိုတဲ့ ခေါင်းစဉ်အောက်မှာ အတိအလင်း ရေးသားထားတာ တွေ့ကြရပါတယ်။

ကျမအနေနဲ့ အဓိကထားပြီးဆွေးနွေးချင်တာက ယနေ့အစိုးရမှာရော၊ ဆွေးနွေးဘက်အင်အားစုတွေမှာရော အမျိုးသမီးများအပေါ် ခွဲခြားမဆက်ဆံဖို့ တန်ဖိုးတန်းတူထားဆက်ဆံဖို့ ကဏ္ဍအသီးသီးမှာ ပါဝင်ခွင့်၊ ခေါင်းဆောင်ခွင့်ပေးဖို့ ဆိုတဲ့ သဘောတရားကိုတော့ အလေးအနက်ကိုပဲ လက်ခံထားကြတဲ့ သဘော တွေ့ရပါတယ်။ အဲဒီသဘောတရားကို လက်တွေ့ကျကျ ကျင့်သုံးလာနိုင်ဖို့ပဲ လိုအပ်နေတာ ဖြစ်ပါတယ်။

ဒီခေတ်ကတော့ အပြောသက်သက်နဲ့ ကြာကြာရပ်နေလို့ ရတဲ့ခေတ် မဟုတ်တော့ဘူးလို့ မြင်ပါတယ်။

ဒီနေရာမှာ မေးခွန်းထုတ်စရာရှိတာကတော့ အမျိုးသားတွေက ပါဝင်ခွင့်ပြုမှ၊ အစိုးရက ပါဝင်ခွင့်ပြုမှ ပါဝင်ရမှာလားဆိုတဲ့ ကိစ္စပါပဲ။ ပါဝင်ခွင့်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ အမျိုးသမီးများ ကိုယ်တိုင်ပါဝင်ခွင့်ရရေးဟာ တကယ့်လိုအပ်ချက် ဖြစ်တယ်ဆိုတဲ့ အသိနဲ့ တွန်းတွန်းတိုက်တိုက် ကြိုးစားဖောက်ထွက်ကြရမှာ ဖြစ်တယ်လို့ ကျမရဲ့အမြင်ကို အလေးအနက် တင်ပြချင်ပါတယ်။

■ ကြယ်စင်မြစ်

# အရပ်ဖက်လူမှုအဖွဲ့အစည်းတွေ အားကောင်းဖို့ဆိုရာမှာ

■ Bအောင်ဇော် ■

ကျနော်တို့ရဲ့ ရွေးကောက်ခံအစိုးရလက်ထက်မှာ ဒီမိုကရေစီအခြေအနေတွေ ပိုပြီးတိုးတက်လာလိမ့်မယ်ဆိုတဲ့ အထင် ရှိဖူးခဲ့တယ်။

'နိုင်ငံရေးအကျဉ်းသားတွေ မရှိတော့ဘူး'၊ 'ငြိမ်း စုစီ ဥပဒေဆိုတာ မရှိတော့ဘူး'၊ '၆၆(ဃ) ဆိုတာကို ဖျက်လိုက်ပြီ' စသည်ဖြင့်ပေါ့။ အထင်ကြီးထင်၊ အမျှော်လင့်ကြီး မျှော်လင့်ခဲ့တယ်။ တကယ့်အခြေအနေတွေ ထင်သလို မဖြစ်ခဲ့။ ဒီမိုကရေစီဘောင်က ပိုကျဉ်းလာသလို ခံစားမိတယ်။

ဒီမှာတခါ အရပ်ဖက်အဖွဲ့အစည်းတွေ အားကိုးနဲ့ ဒီမိုကရေစီဘောင် ချဲ့ဖို့ ကြိုးစားမယ် စဉ်းစား၊ အားကိုးရှာမိတယ်။

ဟိုတလောက ငြိမ်းစုစီကိစ္စ အရပ်ဖက်အဖွဲ့အစည်းတွေ သဘောထားတွေထုတ် ဆန္ဒတွေပြတော့ ကျနော်တို့ ပါချင်လိုက်တာ တအားပဲ။ သို့ပေမင့် ပါတီတွေကို မဖိတ်ခေါ်ဘူးတဲ့။ အခုတခါလည်း ကလေးစစ်သားဟောင်းကို မတရားထောင်ချမှုကို ကန့်ကွက်ကြပြန်တယ်။ နိုင်ငံရေးပါတီဖြစ်တော့ ပါခွင့်မရပြန်ဘူး။ ခက်တော့ခက်နေပြီ။ ကိုယ့်ဘာသာလုပ်မလားလို့ ဆိုတော့ ကိုယ်ကလည်း အင်အားအနေအထား အဲ့ဒီလောက် မကောင်းသေး။ ဒီမိုကရေစီကို အကာအကွယ်လုပ်ချင်တဲ့ အဖွဲ့အစည်းအချင်းချင်း အဲ့ဒီလို ခွဲခြားကြသလား၊ စိတ်မသက်မသာ တွေးမိတယ်။

အဲ့ဒီလိုပါပဲ ‥ လယ်သမားအခွင့်အရေးလုပ်ရင်ဖြစ်ဖြစ် အလုပ်သမားကိစ္စလုပ်ရင်ဖြစ်ဖြစ်ဖြစ် ကျောင်းသားသမဂ္ဂကိစ္စ လုပ်ရင်ဖြစ်ဖြစ် ''ခင်ဗျားတို့က နိုင်ငံရေးပါတီကလူတွေ'' ဆိုပြီး ဘေးဖယ်ထုတ်ကြတာ ကြုံဖူးပေါင်းများပြီ။ ဘေးဖယ်ထုတ်ဖို့လုပ်သူတွေက အရင့်အမာ နိုင်ငံရေးသမားတွေ။ ခုတော့ CSO လိုလို၊ ဘာလိုလို ရွေးကောက်ပွဲနီးလို့ အခြေအနေပေးရင် အမတ်ဝင်လုပ်တတ်တဲ့သူတွေ။

အဲ့ဒီဃက်တွေက ကျနော်တို့ပါတီထဲက နိုင်ငံသားအခွင့်အရေး တက်ကြွလှုပ်ရှားသူတွေကို ပါတီနဲ့ အမှန်တကယ်ဝေးစေတယ်။ တောင်းဆိုနေတဲ့ နိုင်ငံရေးခေတ်ကို ခြေတလှမ်းတောင် ဖြစ်ဖြစ်မြောက်မြောက်မလှမ်းနိုင်သေးခင် နိုင်ငံရေးပါတီတွေ မကျန်းမာမသန်စွမ်းရင် ကျနော်တို့ရဲ့ နိုင်ငံရေးခေတ်က မတွေးဝံ့စရာပေါ့။

အဲ့ဒါနဲ့ ကျနော်လည်း အကယ်ဒမစ် ဖြစ်ချင်လာတယ်။ ကျနော် ကျောင်းတုန်းက ဂါးဗနန့်စ်(Governance) ဘာသာရပ် ယူတယ်။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ ပတ်သက်တဲ့ ဂါးဗနန့်စ်ကိုလည်း လေ့လာရတယ်။ ဖတ်ဖူး မှတ်ဖူးတာတွေ ပါမောက္ခတွေရဲ့ လက်ချာတွေကို ပြန်စဉ်းစားနေမိတယ်။ တချို့တဝက် ခေါင်းထဲပြန်ပေါ်လာတယ်။

ဂရိခေတ်၊ ရောမခေတ်က စခဲ့တဲ့ အယူအဆ။ စတုန်းကတော့ ဂရိလို Koinonia Politske တို့ လက်တင်လို Societa Civilis တို့က နိုင်ငံရေးကို ကိုယ်စားပြုကြတာပါဘဲ။ ကျနော်မှတ်မိသလောက်။ စာလုံးပေါင်းလည်း လွဲနိုင်တယ်။ အရစ်စတိုတယ်စပြီး အဓိပ္ပာယ်ဖွင့်တာ အလွန်ရှင်းတယ်။ နောက်ပိုင်း ခေတ်တွေအလီလီပြောင်း အဲ့အယူအဆဖွံ့ဖြိုးခဲ့ပြီး ဆယ့်ရှစ်ရာစုလောက်မှာတော့ Political Society နဲ့ Civil Society ဆိုတာတွေ ဖြစ်လာတယ်။ ကားလ်မတ်တို့ခေတ် လစ်ပ်ဆက်တို့ခေတ်မှာ အဲ့ဒီအယူအဆ ပိုဖွံ့ဖြိုးလာပုံရတယ်၊ သို့ပေမင့် School of Thought နှစ်ခုဖြစ်သွားတယ်။ ကျောင်းတော်နှစ်ခုပေါ့။

နှစ်ဆယ်ရာစုနှောင်း အရှေ့ဥရောပ ပွင့်လင်းလာတော့ အဲ့အယူအဆ ပြန်လည်ခေါင်းထောင်လာတယ်။ ဖွံ့ဖြိုးလာတယ်ပေါ့။ ရေဂင်–သက်ချာတို့ရဲ့ ကမ္ဘာ့နိုင်ငံရေးလမ်းကြောင်းနဲ့ အတူလို့ပြောလို့ရမယ် ထင်တယ်။ ဒါက ခပ်ရေးရေး ခေါင်းထဲ ပြန်ပေါ်လာတဲ့ သမိုင်းကြောင်း။

ကျနော်ကတော့ ကနေ့ခေတ် အစောပိုင်း ၁၉၉၀ ကျော်က Godon White နဲ့ Luckhan R တို့ရဲ့ အယူအဆဖြစ်တဲ့ "Civil Society may be seen as a wide-ranging behavioral phenomenon which not only include the activity of organizations and parallel markets. Most commonly the term is used to refer to the activity of organized association of a voluntry character." ဆိုတာ ခေါင်းထဲ စွဲနေတယ်။ အလွတ်လည်း ရတုန်း။

(အရပ်ဖက် လူမှုအဖွဲ့အစည်းဆိုသည် အလွန်ကျယ်ဝန်းသည့် အယူအဆဖြစ်သည်။ အဖွဲ့အစည်း အသင်းအပင်းများ၏ ရုန်းကန်လှုပ်ရှားမှုများသာမက စင်ပြိုင်ဈေးကွက်များ၏ လှုပ်ရှားသက်ဝင်မှုများပါ အကျုံးဝင်၏။ အများစုကပင် ဤအရပ်ဖက်အဖွဲ့အစည်းဟူသည့် စကားရပ်အား စုစည်းညီညွတ်၍ ကိုယ်ကျိုးမဲ့ စေတနာ့ဝန်ထမ်း လက္ခဏာရှိသည့် အဖွဲ့အစည်းများ၏ ရုန်းကန်လှုပ်ရှားမှုတို့ကို ဖော်ညွှန်းရန် အသုံးပြုကြပေသည်။)

လက်တွေ့ ကျနော့်အထင် ''ကျောင်းတော်တွေ ဘယ်လိုကွဲကွဲ ကနေ့ ပညာရှင်အားလုံးလိုလိုက အရပ်ဖက်လူမှုအဖွဲ့အစည်း ဆိုတဲ့အခါမှာ the activity of organized asso-

ciation of a voluntary character (စုစည်းညီညွတ်၍ ကိုယ်ကျိုးမဲ့ စေတနာ့ဝန်ထမ်း လက္ခဏာရှိသည့် အဖွဲ့အစည်းများ၏ ရုန်းကန်လှုပ်ရှားမှု) ဆိုတာ အားလုံး လက်ခံကြပုံရတယ်။''

ကျနော်တို့က ပါတီဖြစ်ပေမယ့် ကျနော်တို့မှာ ကိုယ်ကျိုးမဲ့စေတနာ့ဝန်ထမ်းလက္ခဏာ အပြည့်ရှိတယ်။ စုစည်းညီညွတ်ဖို့ ရုန်းကန်နေတယ်လို့ ကျနော်တို့ကို နိုင်ငံရေးပါတီမို့ ဆိုတဲ့ အကြောင်းပြချက်နဲ့ ငြင်းတဲ့သူတွေကို ပြောချင်လိုက်တာ။

အဲ့ဒါတွေက ကျနော်တို့ လူမှုလက်တွေ့တွေနဲ့ ဆိုင်တယ်။ အလုပ်တွေလုပ်ကြရင် လူမှုလက်တွေ့ကို မပယ်စေချင်ဘူး။ ကျနော်တို့အားလုံး အားကောင်းဖို့ကို ပြောတာ။ ကျနော်တို့ ခရီးကလည်း အစပဲရှိသေးတာ။

နောက် Organized ဖြစ်လို့၊ ထုရှိဖို့ Voluntry Character တခုဖြစ်တဲ့ ကိုယ့် Issue အပေါ်ကိုယ် တကယ်ပဲ လေးနက်ဖို့၊ စိုက်လိုက်မတ်တပ်ရှိဖို့ အရေးကြီးတယ်ထင်တယ်။ နို့မဟုတ်ရင် အစိုးရတွေ စားသွားမှာပဲ။ ဂွန်ကိုတွေ စားသွားမယ်။ ကိုယ့်အလုပ်က စီးပွားရေးအလုပ်ဖြစ်သွားမယ်။

စကားမစပ် ဟိုတနေ့က ထောင်ထဲမှာ နှစ်ပေါင်းများစွာ နေခဲ့ရတဲ့ ညီမငယ်တဦးနဲ့ စကားပြောဖြစ်တယ်။ သူက နာမည်ကြီး NGO လား၊ CSO လား တခုမှာ Fellowship လား လုပ်နေရင်းက၊ ပြီးတဲ့အခါ ဆက်လုပ်ဖို့ အကြောင်းဖန်လာတယ်တဲ့။ အဲ့ဒီအဖွဲ့က အမျိုးသမီးတွေကို ဦးဆောင်မှုအခန်းမှာ ပါနိုင်ရေး လုပ်နေတဲ့အဖွဲ့၊ သို့ပေမယ့် လက်တွေ့ Contract လုပ်နိုင်ဖို့ JD ကြည့်တော့ မဟာတွေ ဘာတွေရှိရမယ်ဆိုတဲ့ လိုအပ်တဲ့အရည်အချင်းသတ်မှတ်ချက် ပါလာတယ်တဲ့။ ဘုရားရေ ...။

အကယ်ဒမစ် အင်စတီကျူလည်းမဟုတ်။ သုတေသနအဖွဲ့လည်းမဟုတ်။ အခွင့်အရေးအတွက် အလုပ်လုပ်တဲ့အဖွဲ့။ ကျနော်တော့ အနီးစပ်ဆုံး ထိုင်းနိုင်ငံက MAP တို့ EMPOWER တို့ နောက် မြောက်ပိုင်းလယ်သမားအဖွဲ့တွေလို CSO တွေ NGO တွေကို၊ သူတို့လှုပ်ရှားမှုတွေကို ကြည့်ကြည့်စေချင်တယ်။ လူထုလှုပ်ရှားမှုတွေ တကယ်အားကောင်းပြီး အစိုးရကို တကယ် ထိထိရောက်ရောက်ပြောနိုင်ဖို့ ကျနော်တို့ဆီမှာ တကယ် ထုကိုစည်းရုံးနိုင်တဲ့ CSO တွေလိုတယ်။ ခြုံလိုက်ရင် တခွန်းပဲ။ ကျနော်တို့ လူမှုလက်တွေ့နဲ့ ပေါင်းစပ်ကြပါ။

ကျနော်တို့ရဲ့ အရပ်ဖက်အဖွဲ့အစည်းများ လူထုကို အမှန်တကယ် စည်းရုံးနိုင်ကြစေချင်တယ်။ (လိုအပ်တဲ့ အရည်အချင်း) နဲ့ ပြည့်ဝကြစေချင်ပါတယ်။ လူထုအဖွဲ့အစည်းကြီးတွေ ဖြစ်စေချင်ပါတယ်။ ဖြစ်လာအောင်လည်း အသေအချာ ရုန်းကြ ကန်ကြ၊ လူမှုလက်တွေ့တွေနဲ့ ပေါင်းစပ်ကြတာမျိုး ဖြစ်စေချင်လှပါတယ်။

■ Bအောင်ဇော်

## အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေး လှုပ်ရှားမှုနှင့် သတင်းစာရှင်းလင်းပွဲ




အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေး သဘောတူညီချက်စာချုပ် (CEDAW) အပိုဒ် ၂၉ ကို ခြွင်းချက်မထားဘဲ လက်မှတ်ရေးထိုးရေး မြန်မာနိုင်ငံအစိုးရအား တိုက်တွန်းတောင်းဆိုသည့်လှုပ်ရှားမှုကို ၂၀၁၈၊ မတ်လ ၅ ရက်နေ့တွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အမျိုးသမီးလုပ်ငန်းကော်မတီ- WWC က ဦးဆောင်ပြုလုပ်ခဲ့ပါသည်။ ရန်ကုန်၊ ရေကြည်၊ ဆားလင်းကြီး၊ မြင်းခြံ၊ ပြည်၊ အသုတ်၊ တံတားဦးမြို့နယ်များတွင် ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ အမျိုးသမီးလုပ်ငန်းကော်မတီဝင်များ၊ DPNS ပါတီဝင်များ၊ လူ့ဘောင်သစ်လူငယ်များက နံနက် ၁၀း၀၀ နာရီအချိန်တွင် အဆိုပါမြို့နယ်အသီးသီးရှိ လူစည်ကားရာနေရာများ၌ လက်ကမ်းစာစောင်များ ဝေငှခဲ့ကြပါသည်။

လှုပ်ရှားမှုနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို နေ့လည် ၃း၀၀ နာရီတွင် ရန်ကုန်မြို့ရှိ ပါတီဌာနချုပ်ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ရှင်းလင်းပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးထု၏ လက်ရှိအခြေအနေကို ဒေါ်နှင်းနှင်းမွှေး(WWC အကြံပေး) ကလည်းကောင်း၊ CEDAW ပါ အချက်အလက်များကို ဒေါ်နိုးနိုးထက်စံ(WWC အဖွဲ့ဝင်)က လည်းကောင်း၊ မည်သည့်အတွက်ကြောင့် အစိုးရအား တိုက်တွန်းတောင်းဆိုရသည်နှင့် လက်ကမ်းစာစောင်ဝေငှသည့် လှုပ်ရှားမှုအခြေအနေကို မသက်ဖူနှင်းထင် (WWC ဆက်သွယ်ရေးတာဝန်ခံ)ကလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြပါသည်။ အစီအစဉ်အကျိုးဆောင်အဖြစ် လူ့ဘောင်သစ်လူငယ် အတွင်းရေးမှူး မစိမ့်အိစံက ဆောင်ရွက်ပေးခဲ့ပါသည်။

# ပါတီ၏ ရောဝတီတိုင်း စည်းရုံးရေးခရီးစဉ်



လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ရောဝတီတိုင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးထွန်း ဦးဆောင်သည့် အဖွဲ့သည် ၂၆၊၃၊၂၀၁၈ ရက်နေ့၌ ရောဝတီတိုင်း လပွတ္တာမြို့နယ်တွင် မြို့နယ်စည်းရုံးရေးကော်မတီဝင်များ၊ လယ်သမား သမဂ္ဂအဖွဲ့ဝင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် လည်းကောင်း၊ ၂၇ ရက်နေ့တွင် မြောင်းမြမြို့နယ် စည်းရုံးရေးကော်မတီဝင်များ၊ ပါတီဝင်ရဲဘော်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လည်းကောင်း၊ ၂၈ ရက်နေ့တွင် ရွှေသောင်ယံမြို့နယ်ခွဲ စည်းရုံးရေးကော်မတီဝင်များ၊ လူ့ဘောင်သစ်လူငယ်များနှင့်လည်းကောင်း  တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် လက်ရှိနိုင်ငံရေးအခြေအနေများ၊ ပါတီမူဝါဒများ၊ ပါတီ၏လူထုလုပ်ငန်းစဉ်နှင့် ပါတီစည်းရုံးတည်ဆောက်ရေးလုပ်ငန်းစဉ်များ၊ အရပ်ဖက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ လူငယ်နှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ၊ လယ်သမားသမဂ္ဂများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းရည်မြှင့်တင်ရေးကိစ္စများ၊ ဒေသဆိုင်ရာလူထုပြဿနာများကို ဆွေးနွေးခဲ့ကြပါသည်။

---

# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ ပဲခူးတိုင်းစည်းရုံးရေးခရီးစဉ်



လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်၊ လူ့ဘောင်သစ်လူငယ်တွဲဘက်အတွင်းရေးမှူး ကိုဝေဇင်၊ ဗဟိုလုပ်ငန်းကော်မတီဝင် ကိုအောင်ချိုဦးတို့သည် ၁၆၊၂၊၂၀၁၈ နေ့တွင် ပဲခူးတိုင်း ဇီးကုန်းမြို့နယ် စည်းရုံးရေးကော်မတီဝင်များနှင့် တွေ့ဆုံစည်းဝေးခဲ့ကြပြီး လက်ရှိနိုင်ငံရေးအခြေအနေများအပေါ် ပါတီ၏အမြင်သဘောထား၊ ယခုနှစ်အတွင်းလုပ်ဆောင်မည့် လုပ်ငန်းစဉ်များနှင့် ဇီးကုန်းမြို့နယ်စည်းကော်မတီ၏ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြသည်။

၁၇၊၂၊၂၀၁၈ ရက်နေ့တွင် ပေါင်းတည် စည်းရုံးရေးကော်မတီရုံးခန်း၌ ပေါင်းတည်စည်းရုံးရေးကော်မတီဝင်များနှင့်တွေ့ဆုံပြီး ပါတီဥက္ကဋ္ဌက ပါတီ၏အမြင်သဘောထားနှင့် ယခုနှစ်လုပ်ငန်းစဉ်ဇယားတို့ကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ပေါင်းတည်စည်းကော်မတီဝင်များက မြို့နယ်အခြေအနေများ၊ ဆောင်ရွက်လျက်ရှိသည်များကို ပြန်လည်တင်ပြခဲ့ကြသည်။ ၁၈၊၂၊၂၀၁၈ ရက်နေ့တွင် ပေါက်ခေါင်းမြို့နယ် စည်းရုံးရေးကော်မတီနှင့် တွေ့ဆုံစည်းဝေးခဲ့ရာ ပါတီဥက္ကဋ္ဌက ယခုနှစ်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြပြီး ပေါက်ခေါင်းမြို့နယ် စည်းကော်မတီဝင်များက မြို့နယ်အတွင်းစည်းရုံးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ပြန်လည်တင်ပြ ဆွေးနွေးခဲ့ကြပါသည်။

---

# Action for Gender Equality Conference သို့ တက်ရောက်ဆွေးနွေး




SocDem Asia က ဦးစီးကျင်းပသည့် Action for Gender Equality Conference ကို အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့၌ ၂၂-၂၃၊၁၊၂၀၁၈ တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ Conference သို့ နိုင်ငံပေါင်း ၁၅ နိုင်ငံမှ ကိုယ်စားလှယ် ၄၆ ဦး တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံမှ DPNS အမျိုးသမီးလုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဒေါ်တင်တင်ချိုနှင့် ဒေါ်နီးနီးထက်စံတို့ တက်ရောက်ခဲ့ကြပါသည်။ Conference တွင် အမျိုးသမီးများ၏ လက်ရှိကာလ နိုင်ငံရေးပါဝင်မှု အခြေအနေကိုသုံးသပ်ခြင်း၊ နိုင်ငံရေးဦးဆောင်မှုတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းနေရသည့်အကြောင်းအရာများရှာဖွေခြင်း၊ ပါဝင်မှုအားကောင်းလာစေရန် မဟာဗျူဟာမြောက် လုပ်ငန်းစဉ်များ စုစည်းခြင်း စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပါသည်။

## အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)-WLB အတွင်းရေးမှူးဦးဆောင်သည့်အဖွဲ့နှင့် ပါတီ တွေ့ဆုံဆွေးနွေး



အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)–WLB အတွင်းရေးမှူးနှင့်အဖွဲ့သည် ၂၀၁၈ မတ်လ ၁၄ ရက်နေ့လည်ပိုင်းတွင် DPNSပါတီဌာနချုပ်သို့ လာရောက်တွေ့ဆုံခဲ့ကြပြီး ပါတီမှတာဝန်ရှိသူများနှင့် ယနေ့ကာလနိုင်ငံရေးအခြေအနေ အရပ်ရပ်အပေါ် အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် ပါတီဥက္ကဋ္ဌဦးအောင်မိုးဇော်နှင့် ဗဟိုဦးဆောင်ကော်မတီဝင်များ၊ အမျိုးသမီးလုပ်ငန်းကော်မတီဝင်များက ပါဝင်ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် ယနေ့ကာလ လှုပ်ရှားဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ စိန်ခေါ်ချက်များနှင့် လက်တွဲဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြပါသည်။

## DPNS အင်္ဂပူမြို့နယ်စည်းရုံးရေးကော်မတီရုံးခန်းဖွင့်ပွဲနှင့် တွေ့ဆုံဆွေးနွေးပွဲ



လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ မြို့နယ်ရုံးခန်းဖွင့်လှစ်ပွဲကို ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်တွင် ၂၀၁၈ ဖေဖော်ဝါရီလ ၂၆ ရက်နေ နံနက်ပိုင်း၌ ပြုလုပ်ခဲ့ပါသည်။ အခမ်းအနားတွင် ပါတီဥက္ကဋ္ဌမှ နှင့် ဧရာဝတီတိုင်းဥက္ကဋ္ဌမှ အမှာစကားပြောကြားခဲ့ပါသည်။ ရုံးခန်းဖွင့်လှစ်ပွဲသို့ DPNS ပါတီဝင်များ၊ အင်္ဂပူမြို့နယ်တောင်သူလယ်သမားသမဂ္ဂ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။ နေ့လည်ပိုင်းတွင် ပါတီဝင်များမိတ်ဆက်ဆွေးနွေးပွဲကို အင်္ဂပူမြို့နယ်ရုံးခန်း၌ ပြုလုပ်ခဲ့ရာ ပါတီဥက္ကဋ္ဌဦးအောင်မိုးဇော်နှင့် ဧရာဝတီတိုင်းဥက္ကဋ္ဌ ဦးတိုးတိုးထွန်းတို့က ပါတီမိတ်ဆက်၊ ပါတီသမိုင်းကြောင်း၊ ယခုနှစ်အတွင်းလုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြပါသည်။ အမျိုးသမီးလုပ်ငန်းကော်မတီ ဆက်သွယ်ရေးတာဝန်ခံ မသက်ဖွေန်လင်းထင်က အမျိုးသမီးလုပ်ငန်းကော်မတီမိတ်ဆက်နှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကိုလည်းကောင်း၊ လူ့ဘောင်သစ်လူငယ်အတွင်းရေးမှူး မစိမ့်အိစံက လူငယ်မိတ်ဆက်ကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ အင်္ဂပူမြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်း၊ အတွင်းရေးမှူး ဦးဇော်မင်းနှင့် မြို့နယ်စည်းကော်မတီဝင်များက ၂၀၁၈ ခုနှစ် အတွင်း ဆောင်ရွက်ရန်ပြင်ဆင်ထားသည့် လုပ်ငန်းစဉ်များကို ပြန်လည်ရှင်းလင်းတင်ပြခဲ့ကြပါသည်။

## မြင်းခြံမြို့နယ်စည်းရုံးရေးကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေး



လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူး(၂) ဒေါ်နှင်းနှင်းမွှေးသည် မြင်းခြံမြို့နယ်စည်းရုံးရေးကော်မတီဝင်များနှင့် တွေ့ဆုံပွဲကို ၂၀၁၈ ဇန်နဝါရီ ၃၁ ရက်နေ့တွင် မြင်းခြံမြို့၌ ပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံပွဲတွင် ဌာနချုပ်က ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ လုပ်ငန်းစဉ်များ နိုင်ငံရေးရပ်ခံချက်သဘောထားများကို အတွင်းရေးမှူး(၂)က ရှင်းလင်းတင်ပြခဲ့ပါသည်။ မြင်းခြံစည်းကော်မတီဝင်များကလည်း မြို့နယ်စည်းရုံးရေးအခြေအနေများ ဆောင်ရွက်ထားရှိမှုများ၊ ရှေ့လုပ်ငန်းစဉ်များကို ပြန်လည်ရှင်းလင်း တင်ပြခဲ့ကြပါသည်။